# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင်အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၀ / ၂၀၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၀ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကွတ်ခိုင်မြို့နယ်
( ခ ) ကွမ်းလုံမြို့နယ်
( ဂ ) နမ့်ခမ်းမြို့နယ်
(ဃ) မူဆယ်မြို့နယ်
( င ) လားရှိုးမြို့နယ်
( စ ) သိန်းနီမြို့နယ်

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❂

## ယနေ့ မာ တိ ကာ

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ**

ပြည်တွင်းသတင်း စာ ၉

**လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ**



ပြည်တွင်းသတင်း စာ ၁၇

**ထိုင်း၊ စင်ကာပူနှင့် မလေးရှား နိုင်ငံတို့အထိ တင်ပို့နေရသည့် တာချီလိတ်မြို့မှ Honey ကျန်းမာခြင်းနှင့် အလှအပ ထုတ်ကုန်များ**



သေးငယ်လတ်စီးပွားရေး စာ ၂၀

## ပြည်တွင်းပြည်ပ အားကစားသမား ၁၉၀ ဝင်ရောက်ယှဉ်ပြိုင်သည့် Bagan Temple Run 2023 အပြေးပြိုင်ပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၁၂

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်း Bagan Temple Run 2023 အပြေးပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၆ နာရီက အလိုတော်ပြည့်ဘုရား အရှေ့ဘက်ကွင်းတွင်

*စာမျက်နှာ ၇ ကော်လံ ၁* ❍




ပြိုင်ပွဲဝင်အားကစားသမားများ စတင် တာထွက်စဉ်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၄၆၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး

*စာမျက်နှာ ၄ ကော်လံ ၁* ✻

# အကြမ်းဖက်အဖျက် လုံးဝဆန့်ကျင်ရှုတ်ချ

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အချို့တွင် အောက်တိုဘာ ၂၇ ရက်မှစ၍ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်မှုများက ဒေသခံပြည်သူများနှင့်တကွ ဒေသတွင်းသို့ရောက်ရှိနေကြသည့် ပြည်သူများကိုပါ အတိဒုက္ခကျရောက်စေသည်။ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးကိုနေရာအချို့တွင် သွားလာ၍မရအောင် ဖျက်ဆီးဖြတ်တောက်ထားသဖြင့် မဖြစ်မနေသွားလာကြရသူ၊ တိုက်ပွဲရှောင်ကြရသူ ပြည်သူများမှာ ကား၊ ဆိုင်ကယ်များနှင့်ရော ခြေကျင်လမ်းလျှောက်၍ပါ လွတ်ကင်းရာလမ်းများမှ တိမ်းရှောင်နေကြရသည်ဟု သိရသည်။ နိုဝင်ဘာ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ကျောက်မဲနှင့်သီပေါကြား၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကျင်သီတံတားကိုမိုင်းခွဲဖျက်ဆီးလိုက်ပြန်ရာ အဆိုပါလမ်းပိုင်း၌ပါ သွားလာ၍မရသည့်အခြေအနေသို့ ရောက်ရှိသွားရသည်။

လက်နက်ကိုင်သောင်းကျန်းသူများ၏ လမ်းတံတားအခြေခံအဆောက်အအုံများ၊ လျှပ်စစ်တာဝါတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များ စသည်တို့ကိုဖျက်ဆီးမှုများက ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်တို့အတွက် အဘက်ဘက်မှ အခက်အခဲအကျပ်အတည်းများ ဖြစ်ပေါ်စေသည့်အပြင် လူမှုဒုက္ခတို့ကိုလည်း ကျရောက်စေသည်။ မြို့ရွာများနှင့် ဒေသများအတွင်း တိုက်ခိုက်မှုများဖြစ်ပေါ်လာခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ မြို့ရွာနေပြည်သူလူထု၏လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့အတွက်လည်း ကြောက်ရွံ့ထိတ်လန့်မှု၊ စိုးရိမ်ကြောင့်ကြမှုတို့ ဖြစ်ပေါ်ကြရသည်။ လမ်းပန်းအဆက်အသွယ်များ ပြတ်တောက်မှုကြောင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်၍မရတော့သည့်အပြင် စားဝတ်နေရေးအတွက် ဝမ်းစာရှာဖွေရန် ဘာမှလုပ်ကိုင်၍ မရတော့သည့်အခြေအနေသို့ ရောက်ရှိသွားကြရသည်။ ဆေးဝါးနှင့် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်သွားပြီး ဖြစ်ပေါ်လာသည့်အခြေအနေများကြောင့် ဘေးလွတ်ရာသို့ရှောင်တိမ်းကြရကြောင်းလည်း သိရှိရသည်။

အေးချမ်းစွာ နေထိုင်လိုကြသည့်ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကိုသာ လိုလားကြပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များ၊ လက်နက်ကိုင်တိုက်ခိုက်မှုများကို လက်မခံဘဲ ဆန့်ကျင်ရှုတ်ချကြသည်။ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများကို ကိုယ်တွေ့မျက်မြင်ကြုံတွေ့နေကြရသည့် ဒေသများမှဒေသခံပြည်သူများသာမက တိုက်ပွဲများနှင့်လွတ်ကင်းရာ နိုင်ငံတစ်ဝန်းမှ ပြည်သူများကပါ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချကြပြီး ရှေ့တန်းစစ်မျက်နှာအသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များကို အားပေးထောက်ခံလျက်ရှိကြသည်။

ပြည်သူများက တပ်မတော်၏လိုအပ်ချက်များကို ပါဝင်ကူညီလျက်ရှိပြီး အလှူငွေများလှူဒါန်းခြင်း၊ ရှေ့တန်းရောက်တပ်မတော်သားများအတွက် ပစ္စည်းများ လှူဒါန်းခြင်း၊ ပရဟိတအဖွဲ့များကလည်း စားသောက်ဖွယ်ရာများ ချက်ပြုတ်ပေးပို့ခြင်း စသည်တို့ဖြင့် စိတ်ရောကိုယ်ပါ ကူညီအားပေးနေကြခြင်းဖြစ်သည်။ မြန်မာပြည်သူလူထုတစ်ရပ်လုံးက နှစ်ပေါင်းရှည်ကြာ မျှော်လင့်တောင့်တခဲ့ကြသော ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်က NCA လမ်းကြောင်းနှင့် တွေ့ဆုံဆွေးနွေးမှုတို့ ပြုလုပ်ရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်လက်ကမ်းထားစေကာမူ သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၎င်းတို့မျှော်မှန်းထားသည့် အကျိုးစီးပွားအမျိုးမျိုးတို့ကိုသာ ရယူနိုင်ရန် ပြည်သူလူထုကို မထောက်မညှာဘဲ မီးကုန်ယမ်းကုန်အားထုတ်လာခြင်းပင်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာမှုကိုသာ လိုလားသော ပြည်သူလူထုအနေဖြင့် ငြိမ်းချမ်းရေးကို မလိုလားသူ၊ အကြမ်းဖက်တိုက်ခိုက်သူ၊ ပြည်သူ့အကျိုးစီးပွားကို ဖျက်ဆီးသူ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူတို့ကို ဆန့်ကျင်ရှုတ်ချလျက် ရှေ့တန်းစစ်မျက်နှာများတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်တို့ကို စွန့်လွှတ်စွန့်စား ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များအား တစ်ခဲနက်အားပေးထောက်ခံနေကြပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၂

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက် လှူဒါန်းလျက်ရှိရာ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ) မိသားစုနှင့် အန်ကောခေတ်ယဉ်ကျေးမှု စာအုပ်ရေးသားသူ ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည် စာပေ)တို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ်သုံးသိန်း၊ ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီ) မိသားစုနှင့် ဒဂုံ(မြောက်ပိုင်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်နှစ်သိန်းစီ၊ ဆရာတော် ဘဒ္ဒန္တပဏ္ဍာနန္ဒ (မြတ်ဘုန်း - တပ်ကုန်း)၊ ဆရာကြီး သူရဇော်-ခင်(တိုင်းရင်းမေ) စာပေမောင်နှံမိသားစု၊ ဒေါက်တာခင်မောင်လွင် (FAME Pharmaceuticals) မိသားစု၊ စာရေးဆရာ တင့်တယ်မိသားစု (တင့်တယ်ရိပ်မွန်)၊ ဒေါ်ခင်မာမြင့် (မာမာညိုလင်း - မြန်အောင်)၊ ကျောက်တန်းမြို့နယ် စာရေးဆရာအသင်း၊ ကြည့်မြင်တိုင်မြို့နယ် စာရေးဆရာအသင်းနှင့် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ လှိုင်မြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဆရာကြယ်နီလေး (ဥပဒေ)၊ ဦးမိတ်(ပါမောက္ခ ဒေါက်တာမိတ်)မဟာအောင်မြေမြို့နယ်နှင့် စာရေးဆရာမ ပေါက်ပေါက်၊ နတ်တလင်းမြို့နယ် စာရေးဆရာအသင်းနှင့် ညောင်လေးပင်မြို့နယ်စာရေးဆရာ အသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ကွယ်လွန်သူ သက်ကြီးကန်တော့ခံ စာပေပညာရှင် ဦးလှမြင့်(မောင်မဟာ)မိသားစု၊ ဦးခင်ဇော်ဝင်း(ခက်ဇော်- ကဗျာ)-ဒေါ်မြင့်မြင့်အေး (ပန်းမြွေး) မအူပင်မြို့နယ်၊ မိုးယံ(တပ်ကုန်း) နှင့် တပ်ကုန်းမြို့နယ်၊စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ အမရပူရမြို့နယ်၊ စာရေးဆရာအသင်းက ငွေကျပ် ၂၈၀၀၀၊ ဦးအောင်မျိုးဇော် (ဇဂျမ်းရွာကျောင်းအိုသား) နှင့် သင်းသင်းလှိုင် (တပ်ကုန်း)တို့က အလှူငွေကျပ်နှစ်သောင်းစီ၊ နွေကံ့ကော်(မြို့လှ)- ပင်မြင့်စံ(ရွှေဘို)မိသားစုက ငွေကျပ် ၁၅၀၀၀၊ ဉာဏ်လင်း (တပ်ကုန်း) နှင့် သိန်းဝင်းမြင့် (တပ်ကုန်း)တို့က ငွေကျပ်တစ်သောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည် (အောင်ကြည်ညွန့် - တက္ကသိုလ်) တို့က လက်ခံယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃ /၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စက်သုံးဆီတင်သင်္ဘောလေးစင်း ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတင်သင်္ဘော ၁၅ စင်း မကြာမီထပ်မံရောက်ရှိဆိုက်ကပ်မည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်အနက် အချို့ဆိုင်များ၌ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဓာတ်ဆီ 92 RON သည်နေ့စဉ်ပုံမှန်ရောင်းအားထက် ပိုမိုရောင်းအား မြင့်တက်ခဲ့ပြီး ပြည်တွင်းစက်သုံးဆီ သိုလှောင်ထားသည့် Terminal သုံးခုမှ အရောင်းဆိုင်များ အားလုံးသို့ ဖြန့်ဖြူးပေးရာတွင် ဖြန့်ဖြူးနိုင်မှုစွမ်းအားအရ အလျဉ်မမီခဲ့ခြင်းကြောင့် စက်သုံးဆီပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ရာ ယင်းနေ့ညတွင်း ချင်းပင် Urgend စနစ်ဖြင့် ဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။

ပြည်တွင်း၌ စက်သုံးဆီ လုံလောက်မှုရှိအောင် စီမံဆောင်ရွက်ထားရှိပြီး လက်ရှိတွင်အများသုံးဓာတ်ဆီဖြစ်သော 92 RON ဂါလန် ၁၃ သန်းကျော်၊ 95 RON ဂါလန် ၃ သန်းကျော်၊ 97 RON ၁ ဒသမ ၄ သန်းကျော်၊ ရိုးရိုးဒီဇယ် ၂၉ သန်းကျော်နှင့် ပရီမီယမ်ဒီဇယ် သန်း ၂၀ ကျော် ကျန်ရှိကြောင်း သိရှိရကာ ပြတ်လပ်မှုမရှိစေရေး အချိန်မီ ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်လည်း ဆီတင်သင်္ဘောလေးစင်း ဆိုက်ကပ်ခဲ့ပြီး ထပ်မံရောက်ရှိလာမည့် ဆီတင်သင်္ဘော ၁၅ စင်း ရှိကြောင်းနှင့် ထပ်မံရောက်ရှိလာမည့်ဆီတင်သင်္ဘောများမှ စက်သုံးဆီများကိုလည်းအချိန်နှင့် တစ်ပြေးညီ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။





နိုင်ငံတော် အစိုးရအနေဖြင့် စက်သုံးဆီများ ဖူလုံစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းတွင် မည်သည့်စက်သုံးဆီ အမျိုးအစားမဆို အရန်တစ်လစာ ကျန်ရှိအောင် အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကာလသည် ခရီးသွားရာသီဖြစ်၍ ခရီးသွားများနှင့် အများပြည်သူများ စက်သုံးဆီပြတ်လပ်မှု မရှိစေရေး စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အနီးကပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁၁ / ၂၀၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၁ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူးအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကုန်းကြမ်းမြို့နယ်
(ခ) လောက်ကိုင်မြို့နယ်

၂။ ဒေသကွပ်ကဲရေးမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁၂ / ၂၀၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၂ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁၀/ ၂၀၂၃ နှင့် အမိန့်အမှတ် ၁၁/၂၀၂၃ တို့ဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့အား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) တို့၏ နယ်မြေများဖြစ်သည့် သတ်မှတ်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း**။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း**။ စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း**။ နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း**။ စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
(၅) **အယူခံခြင်း**။ စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း**။ စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ် ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

စာမျက်နှာ ၄ သို့

❖ ရှေ့ဖုံးမှ

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

✻ ရှေ့ဖုံးမှ

အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၆၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၃ မှ

၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ရောက်ရှိပြီး စေတီတော် တောင်ဘက်မုခ် ဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး၌ တွေ့ဆုံပြီး ရွှေတိဂုံစေတီတော်ကြီးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စေတီတော်ကြီး ရေရှည်တည်တံ့ရေး၊ လုံခြုံရေး၊ ရင်ပြင်တော်ရှိ သာသနိက အဆောက်အဦများ၊ မြန်မာမှုအနုလက်ရာများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး အတွက် အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ စေတီတော်ကြီး၏ ဝတ္တကမြေအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် အ ဂါရဝဖြစ်စေသော အပြုအမူများ မပြုလုပ်ကြစေရေးနှင့် ဘုရားဖူးလာပြည်သူများ အဆင်ပြေချောမွေ့ စိတ်ချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်စေရေး စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ နေပူခံ စကျင်ကျောက်ပြားများ အပူရှိန်မြင့်တက်မှုမရှိစေရေးနှင့် ဘုရားဖူးပြည်သူများ အပူချိန်သက်သာစေရေး ကျောက်ပြားအရောင်တင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်၊ ရွှေတိဂုံစေတီတော်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမှုများကို သာသနာတော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်၊ ရွှေတိဂုံစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း သန့်ရှင်းသာယာ လှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေထုတ်မြောင်းများကို စနစ်တကျပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာအစိုးရ စာရင်းစစ်များ၏စစ်ဆေးမှုများကို ခံယူသွားရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် အလှည့်ကျသဘာပတိ ဦးညွန့်သင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေး၊ နောင်တော်ကြီးစေတီ ရွှေသင်္ကန်းကပ်လှူပူဇော်ရေး၊ ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ပြုပြင်ထားရှိမှု၊ Pagoda Digital Directory ဆောင်ရွက်နေမှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ကျင်းပမည့် ကလေးကျန်းမာရေးဆိုင်ရာ သုတေသနနှင့် လက်တွေ့လေ့ကျင့်ရေးဆွေးနွေးပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားလှယ်များ တက်ရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ကျန်းမာရေး ဝန်ကြီးဌာနသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်များ၊ ဆေးသုတေသနနှင့် ဆေးပညာလေ့ကျင့်သင်ကြားရေးနယ်ပယ်များတွင် အတွေ့အကြုံဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနမှ ကလေးအထူးကုဆရာဝန် ငါးဦးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် နိုဝင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ ပြုလုပ်မည့် ကလေးကျန်းမာရေးဆိုင်ရာ သုတေသနနှင့် လက်တွေ့လေ့ကျင့်ရေးဆွေးနွေးပွဲများသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။ **(အောက်ပုံ)**



အဆိုပါ သုတေသနနှင့် လက်တွေ့လေ့ကျင့်ရေး ဆွေးနွေးပွဲများတွင် မွေးကင်းစနှင့် ငါးနှစ်အောက် ကလေးများအတွက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ ကလေးငယ်များနှင့်ပတ်သက်သော ဆေးပညာ၊ ကူးစက်လွယ်သော ရောဂါများနှင့် စပ်လျဉ်းသည့် အတတ်ပညာဆိုင်ရာအရည်အသွေး မြှင့်တင်ရေးအပါအဝင် ဆေးဘက်ဆိုင်ရာ အသိပညာနှင့် လက်တွေ့အရည်အချင်းများ တိုးတက်ရေးတို့အတွက် သင်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခ ငွေကျပ် ၂၃၄ သိန်းကျော် ကောက်ခံရရှိ

**ညောင်ဦး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်း ပြည်ပခရီးသွားများ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးသူများထံမှ ၁၉ လအတွင်း ကောက်ခံရရှိမှု ငွေကျပ် ၂၃၄၇၀၀၀၀ ရရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြည်တွင်းပြည်ပခရီးသွားများ ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခ ငွေကျပ် ၂၃၄၇၀၀၀၀ ကောက်ခံရရှိခဲ့ကြောင်း၊ ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူးခြင်း၊ Preweeding ရိုက်ကူးခြင်းနှင့် မှတ်တမ်းရိုက်ကူးခြင်းများကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ သတ်မှတ်စည်းကမ်းချက်များဖြင့် ရိုက်ကူးစေပြီး သတ်မှတ်အခွန်အခများကောက်ခံခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခငွေကျပ် ၁၃၁၃၀၀၀၀၊ ၂၀၂၃ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ငွေကျပ် ၂၇၃၀၀၀၀ ကောက်ခံရရှိခဲ့ ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သတ်မှတ်စည်းကမ်းချက် များဖြင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးစေလျက်ရှိရာ လုံးဝရိုက်ကူးခွင့်မပြုသည့် ဂူဘုရားများအတွင်းရှိ နံရံဆေးရေးပန်းချီရှိပြီး ထိန်းသိမ်းထားသည့် ဂူဘုရားများလည်း အများအပြားရှိကြောင်း သိရသည်။

**ဒီပါလင်း**

**အိမ်ပြင်ပဒ္ဒထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၂၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများဖြင့်ကျင်းပသော ဝန်ကြီးအဆင့် အစည်းအဝေးများတက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှမ်ပရာဘန်မြို့တွင် နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသော (၂၉)ကြိမ်မြောက်အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံ – တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံ–ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၄) ကြိမ်မြောက် အာဆီယံ – ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ခရီးသွားလာရေးဝန်ကြီးများ၏ ကြားဖြတ်အွန်လိုင်းအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသော (၂၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Ngampasong MUONGMANY က အဖွင့်အမှာစကားပြောကြား၍ အစီအစဉ်များအတိုင်း အစည်းအဝေးကို ကျင်းပသည်။(အပေါ်ယာပုံ)

### အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၂၄ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံလေကြောင်း လမ်းညွှန်ထိန်းသိမ်းမှုပင်မစီမံချက် တတိယအကြိမ် ပြင်ဆင်တည်းဖြတ်မှု၊ လေယာဉ်အမှုထမ်းများအတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်းအစီအစဉ်၏ အခြေပြစာချုပ်ငယ်(၃)နှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးကို ကြီးကြပ်ဆောင်ရွက်ရသူများအတွက် လုပ်ထုံးလုပ်နည်းရေးဆွဲမှု၊ အာဆီယံလေကြောင်းပို့ဆောင်ရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးစီမံချက်အရ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အာဆီယံအမြန်လမ်းကွန်ရက်နှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ ပြင်ဆင်ချက်လက်မှတ်ရေးထိုးရေးကိစ္စ၊ လျှပ်စစ်သုံးယာဉ်များ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ချမှတ်သင့်သည့်မူဝါဒများ ရေးဆွဲမှု၊ ဆိပ်ကမ်းများတွင် နည်းပညာတိုးမြှင့်အသုံးပြုရေး လုပ်ငန်းလမ်းညွှန်ချက်များနှင့် ဆိပ်ကမ်းများ၏ စဉ်ဆက်မပြတ်လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းလမ်းညွှန်ချက်များ အတည်ပြုခြင်းနှင့်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် (၂၂) ကြိမ်မြောက် အာဆီယံ – တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ – တရုတ်ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံပါလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မှုနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့သည်။

### မြန်မာ – လာအို နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် နှစ်(၅၀)ပြည့် အာဆီယံ – ဂျပန် မိတ်ဖက်ဆက်ဆံရေး ထူထောင်မှုအခမ်းအနား၊ နှစ်(၂၀)ပြည့် အာဆီယံ – ဂျပန်ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ် အခမ်းအနားများနှင့် အွန်လိုင်းဖြင့် ကျင်းပသော (၂၁)ကြိမ်မြောက် အာဆီယံ–ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။ ထို့အပြင် (၁၄)ကြိမ်မြောက် အာဆီယံ – ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ကာလအတွင်း အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များနှင့် အာဆီယံ – ကိုရီးယား လေကြောင်းသဘောတူစာချုပ် ချုပ်ဆိုရေးကိစ္စရပ်များကို ဝန်ကြီးများအကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အွန်လိုင်းဖြင့် ကျင်းပသော အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ခရီးသွားလာရေးဝန်ကြီးများ၏ ကြားဖြတ်အစည်းအဝေးသို့တက်ရောက်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရန် ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအတွက် ကဏ္ဍနှစ်ရပ်စလုံးမှ ကိုယ်စားလှယ်များပါဝင်သောလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်နှင့်ပတ်သက်သောကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့ပြီး ညနေပိုင်းတွင် မြန်မာ–လာအိုနှစ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးစာချွန်လွှာမူကြမ်းကိစ္စ၊ မဲခေါင်မြစ်ရေလမ်းကြောင်းကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် အလားအလာရှိသော နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံခရီးသွားလာရေးဝန်ကြီးများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❑ အာဆီယံ - တရုတ် ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံပါလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မှုနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၂၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အနီးပတ်ဝန်းကျင်ရှိ လုံခြုံရေးလျှပ်စစ်မီးတိုင်များနှင့် ဓာတ်အားလိုင်းများ စနစ်တကျ သွယ်တန်းထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၂

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အနီးပတ်ဝန်းကျင်ရှိ လုံခြုံရေးလျှပ်စစ်မီးတိုင်များနှင့် ဓာတ်အားလိုင်းများ စနစ်တကျသွယ်တန်းထားရှိမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။**



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်မုခ်ဦးရှေ့ရှိ ဓာတ်အားလိုင်းများအား စနစ်တကျ ရွှေ့ပြောင်းဆောင်ရွက်သွားမည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဓာတ်အားလိုင်း ရွှေ့ပြောင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် နေရာများကို လိုက်လံကြည့်ရှုသည်။ **(ယာပုံ)**

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အနီးပတ်ဝန်းကျင်ရှိ လုံခြုံရေးလျှပ်စစ်မီးတိုင်များနှင့် ဓာတ်အားလိုင်းများ စနစ်တကျ သွယ်တန်းထားရှိမှုနှင့် ဓာတ်အားလိုင်း ရွှေ့ပြောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စက်သုံးဆီနှင့်ပတ်သက်၍ ကောလာဟလသတင်းများ ထွက်ပေါ်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း ၏ ပြောကြားချက်

ပြည်တွင်းမှာလည်း ကောလာဟလ ထုတ်လွှင့်နေတာရှိပါတယ်။ အချိန်ကိုက်ပဲ ပြည်ပက ပြည်ဖျက်မီဒီယာတွေကလည်း ကောလာဟလ ထုတ်လွှင့်နေတာရှိတယ်။ အဓိကကတော့ အခြေခံအကြောင်း နှစ်ခုအပေါ်မှာ ကောလာဟလ ထုတ်လွှင့်တာဖြစ်တယ်။ နံပါတ် (၁) ကတော့ ဆီခွဲတမ်းပေါ့။ စက်သုံးဆီရောင်းချတဲ့ ခွဲတမ်းတွေ လျှော့တယ်ဆိုပြီး ထုတ်လွှင့်နေတာရှိတယ်။ နံပါတ်(၂) ကတော့ ဆီအလုံအလောက်မရှိဘူး၊ ဆီဝယ်ယူဖို့အတွက် အစိုးရအနေနဲ့ ဒေါ်လာချမပေးဘူးဆိုတာမျိုး ထုတ်လွှင့်နေတာရှိတယ်။ ပြီးရင် စက်သုံးဆီဆိုင်တွေမှာ ဆီပြတ်လပ်နေပြီ၊ ပြန်မဖြည့်နိုင်တော့ဘူး ဆိုတဲ့ဟာတွေပဲဖြစ်ပါတယ်။ ပထမဦးဆုံးပြောချင်တာက ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့တဲ့အတိုင်း ပြည်တွင်းမှာ ဆီနှစ်ဆီဖြစ်တဲ့ စက်သုံးဆီ၊ စားသုံးဆီနဲ့ပတ်သက်ပြီး အလေးထား ဆောင်ရွက်လျက်ရှိတယ်။ ဆီခွဲတမ်းများနဲ့ပတ်သက်ပြီး စိစစ်တာ တစ်ခုပဲရှိတယ်။ ယခင်အတိုင်းပဲ ဖြစ်တယ်။ လျှော့ပြီးလုပ်ပေးတာမရှိဘူး။ ပြည်တွင်းမှာ စက်သုံးဆီအလုံအလောက် ရှိပါတယ်။ အများသုံးနေတဲ့ စက်သုံးဆီဖြစ်တဲ့ 92 ဆိုရင် ပြည်တွင်းလက်ကျန်



ဂါလန် ၁၃ သန်းကျော်ရှိပြီးဖြစ်တယ်။ ဒီဇယ်ဆိုရင် ဂါလန် သန်း ၃၀ ကျော်ရှိပြီးဖြစ်တယ်။ ပြီးရင် ထပ်မံရောက်ရှိလာမယ့် ဆီတင်သင်္ဘော ၁၅ စင်းနီးပါး ရှိပါတယ်။ ကျွန်တော်တို့ အနေနဲ့ စက်သုံးဆီကိုမည်သည့် စက်သုံးဆီအမျိုးအစားမဆို ပြည်တွင်းမှာတစ်လစာ အရန်ရှိအောင် အမြဲတမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် စက်သုံးဆီနဲ့ပတ်သက်ရင် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထား ဆောင်ရွက်ပေးနေတဲ့အတွက် ယခင်အတိုင်းပဲ ဒေါ်လာရောင်းချပေးတာတွေ ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူလူထုအနေနဲ့ တစ်ခုသတိထားသင့်တာကတော့ ဒီအချိန်မှာ ဘက်ပေါင်းစုံကနေ အချိန်ကိုက် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ ကာကွယ်ရေးအရ ဘက်ပေါင်းစုံကနေ သတင်းအမှားတွေထုတ်လွှင့်ပြီး ဆောင်ရွက်နေတာမျိုး ရှိပါလိမ့်မယ်။ ဒီသတင်းအမှားတွေကိုကြည့်ပြီး သတင်းအဆိပ်မသင့်ဖို့ အရေးကြီးပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့လည်း အချိန်မီ ပြန်ကြားထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ အနှစ်ချုပ်ပြောရရင်တော့ စက်သုံးဆီ၊ စားသုံးဆီ စီးပွားရေး လုပ်ငန်းတွေ၊ ရှမ်းပြည်နယ် (အရှေ့မြောက်ဘက်) မှာ တိုက်ပွဲတွေဖြစ်ပွားနေတဲ့အတွက် Boder Trade ကုန်သွယ်မှုနဲ့ ပတ်သက်လာရင် ရပ်တန့်နေတာမှအပ ကျန်တဲ့ လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိတယ်လို့ အသိပေးပြောကြားလိုပါတယ်။ ဒီအဖျက်အမှောင့်လုပ်ငန်းတွေကိုလည်း လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပြည်သူလူထုပူးပေါင်းပြီး ကာကွယ်ဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကိုးကန့်ဒေသ ပါစင်ကျော်၊ ကွမ်းလုံ၊ သိန်းနီနှင့် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်ဒေသဘက်တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှဆောင်ရွက်နေမှုအခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း ၏ ပြောကြားချက်

ဒီနေ့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေကတော့ နိုဝင်ဘာ ၁၂ ရက်နေ့ ညပိုင်းအထိ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ ကိုးကန့်ဒေသ ပါစင်ကျော်နားမှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေတာ ရှိပါတယ်၊ တပ်မတော်အနေနဲ့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊နောက်တစ်ခုကတော့ MNDAAအဖွဲ့အနေနဲ့ နယ်ခြားမှတ်တိုင် ၁၂၅ နားမှာရှိတဲ့ စစ်ဘေးရှောင်အဖွဲ့တွေကို နှစ်နိုင်ငံ အထင်အမြင်လွဲမှားအောင် လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တာရှိတယ်၊ ကွမ်းလုံမှာတော့ တပ်မတော်အနေနဲ့ စစ်ဗျူဟာအရ ဟပေးခဲ့တာတွေရှိပါတယ်၊ အဆိုပါနေရာတွေကို MNDAA အဖွဲ့က ခိုးကြောင်ခိုးဝှက်လာပြီး ဓာတ်ပုံရိုက် ပုံစံမျိုးတော့ရှိပါတယ်၊ သိန်းနီဘက်မှာတော့ တပ်မတော်အနေနဲ့ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်၊ ဒီနေ့တစ်နေကုန်မှာတော့ ကယားပြည်နယ် လွိုင်ကော် မြို့မှာတော့ မြို့အပြင်မှလာပြီးတော့ အဝေးမှပစ်ခတ်မှုတွေ ရှိတယ်၊ တပ်မတော်မှလည်း ပြန်လည်ပစ်ခတ်တာတွေရှိတယ်၊ အကြမ်းဖက်သောင်းကျန်းသူတွေ အလောင်း၊ လက်နက်ကျန်ခဲ့တာတွေရှိခဲ့ပါတယ်၊ ထီးချိုင့်မြို့ပေါ်တော့ တစ်ရက်တုန်းက ထီးချိုင့်မြို့ထဲအထိ KIA၊ PDF တွေ ဝင်ရောက်လာတာရှိတယ်၊ ဒါတွေကို တပ်မတော်အနေနဲ့ ဒီနေ့မှာပြန်လည်တိုက်ထုတ်လိုက်ပြီ ဖြစ်ပါတယ်၊ သူတို့ဆီက အလောင်း၊ လက်နက်တော်တော်များများ ရလိုက်တာ ရှိပါတယ်၊ ထီးချိုင့်မြို့မှာ၊ လွိုင်ကော်ဘက်မှာပါ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်ဒေသ ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေဒေသအသီးသီးမှ နိုင်ငံတော်၏ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေလုံခြုံရေး၊ ပြည်သူအသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကြတဲ့ တပ်မတော်သားများ၊ လုံခြုံရေးဆောင်ရွက်နေကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊



ဆက်စပ် မဟာမိတ်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအားလုံးကို ဒီနေရာမှ အသိအမှတ်ပြုကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်၊ ပြီးရင်တော့ ငြိမ်းချမ်းတည်ငြိမ်တဲ့ အခြေအနေမျိုးကို ဆက်လက်တည်ဆောက်သွားပါမယ်။

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တောင်ငူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၂

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တောင်ငူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ခရိုင်ဦးစီးဌာနမှူးက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုမှတ်ပုံတင်များ ထုတ်ပေးထားရှိမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် စိုက်ပျိုးရေး၊ စက်မှု၊ ဝန်ဆောင်မှုကဏ္ဍဟူ၍ အစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း၊ ထို့ကြောင့် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးများကိုသိရှိမှသာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ချမှတ်ထားသည့် မဟာဗျူဟာများကိုလည်း အမြဲမပြတ်ပြန်လည်သုံးသပ်နေရမည် ဖြစ်ကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် စက်မှုကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရေး၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းစဉ်များကို အဓိကထား၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ပြည်သူများ ယုံကြည်အားထားရသည့် ဌာနတစ်ခုဖြစ်စေရေးအတွက် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် တန်ဖိုးရှိပြီး စွမ်းဆောင်ရည်များ ကောင်းမွန်စေရေးအတွက် လေ့လာသင်ယူကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏အရည်အသွေး တိုးတက်ကောင်းမွန်ပါက ဌာနအဖွဲ့အစည်းသည်လည်း တိုးတက်နေမည် ဖြစ်ကြောင်း၊ ဌာန၏ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဝန်ထမ်းတစ်ဦးချင်း တန်ဖိုးများ မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တွံတေးမြို့နယ် မွေးမြူရေးအထူးဇုန်စီမံကိန်းလုပ်ငန်းများနှင့် လှိုင်သာယာမြို့နယ် မွေးမြူရေးခြံများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီး မွေးမြူရေးအထူးဇုန်သို့သွားရောက်၍ မွေးမြူရေးဇုန် (၁) အတွင်း ငါးကန်များတူးဖော်ထားရှိမှု၊ ဆိတ်မွေးမြူရေးခြံ၊ ကြက်မွေးမြူရေးခြံများ ဆောက်လုပ်ပြီးစီးနေမှု နေဗီယာ မြက်ခင်းစိုက်ပျိုးထားရှိမှု၊ Golden Gate Global Myanmar Pte. Co.,Ltd. မှ အသားစားကြက် (Hyline Brown) အမျိုးအစား မွေးမြူထားရှိမှု၊ ဦးဝင်းသီဟမောင်နှင့် ရွှေထူးမင်းကုမ္ပဏီလီမိတက်တို့မှမွေးမြူထားရှိသည့် ဆိတ်မွေးမြူရေးခြံများနှင့် မွေးမြူရေးဇုန်(၂)ရော်ဘာခြံအတွင်း မြန်မာကြက်မွေးမြူနိုင်ရန် မြေနေရာဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မွေးမြူရေးအထူးဇုန် ဇုန်(၁) အတွင်းတွင် ဆိတ်အကောင်ရေ ၅၅၄ ကောင်၊ ကြက်အကောင်ရေ ၁၀၅၀၀၊ ဘဲအကောင်ရေ ၂၀၀၀ မွေးမြူထားရှိပြီး ကျန်ရှိသည့် မွေးမြူရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ (မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန) မှ ဆောင်ရွက်ထားရှိသည့် မွေးမြူရေးဘဲ အကောင် ၁၀၀၀ နှင့် ဝက်ကောင်ရေ ၆၀ မွေးမြူထားရှိမှု၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ၈ ရပ်ကွက်၊ မကွေးလမ်းရှိ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ကွန်ကရစ်ဖျော်စက်ရုံသို့ သွားရောက်၍ စက်ရုံဝင်းအတွင်း ဥစားကြက်အကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ကွန်ဟိန်းမြို့၌ မြို့နယ်အဆင့် ကျောင်းအားကစားလူရွေးပွဲကျင်းပ

**ကွန်ဟိန်း နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ၁၈ နှစ်အောက် မြို့နယ်အဆင့် ကျောင်းအားကစားလူရွေးပွဲကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် နံနက် ၈ နာရီက အမှတ်(၂) ရပ်ကွက်ရှိ အားကစားကွင်းနှင့် ကွန်ဟိန်းတပ်နယ်ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ အားကစားလူရွေးပွဲတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ဘောလုံး၊ အမျိုးသား/အမျိုးသမီး မီတာ(၁၀၀၊၂၀၀၊ ၄၀၀၊ ၈၀၀)အပြေးပြိုင်ပွဲ၊ အလျားခုန်၊ အမြင့်ခုန်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ကွန်ဟိန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၂၅ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ကျောင်းသားအားကစားလူရွေးပွဲများ ကျင်းပနေမှုကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးခွန်မောင်ရွှေ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးစောနိုင်ဝင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး အားကစားအလိုက် ထူးချွန်သော အားကစားသမားများကို ရွေးချယ်၍ ခရိုင်အဆင့် ကျောင်းသားအားကစားပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ ရှေ့ဖုံးမှ

စတင်တာလွှတ်၍ Bagan Temple Run 2023 အပြေးပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

Bagan Temple Run 2023 အပြေးပြိုင်ပွဲကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အပြေးအားကစား လှုပ်ရှားမှုအဖြစ် Runderful Myanmar အပြေးအဖွဲ့နှင့် မြန်မာ့ပြေးခုန်ပစ် အားကစားသမား ဟောင်းများလူမှုရေးအသင်းတို့ ပူးပေါင်းကျင်းပပေးခြင်းဖြစ်ကာ ၁၀ ကီလိုမီတာအပြေးပြိုင်ပွဲနှင့် ၂၁ ကီလိုမီတာအပြေးပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ Bagan Temple Run 2023 အပြေးပြိုင်ပွဲစတင်တာလွှတ်ခြင်းကို အလိုတော်ပြည့်ဘုရားမှ စတင်တာလွှတ်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အထင်ကရ ဘုရားများသို့သွားရာ လမ်းကြောင်းများအတိုင်းပြေးခဲ့ကြကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲသို့ ပြည်တွင်းပြည်ပ အပြေးအားကစားသမား ၁၉၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အသက် ခုနစ်နှစ်မှ ၈၂ နှစ်အရွယ်အထိ ပါဝင်ယှဉ်ပြိုင်ကြကြောင်း Runderful Myanmar တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Bagan Temple Run 2023 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်၍ ဆုရရှိသူများအား ဆုများနှင့်လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

Bagan Temple Run 2023 အပြေးပြိုင်ပွဲသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် Runderful Myanmar အပြေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာ့ပြေးခုန်ပစ် အားကစားသမားဟောင်းများ လူမှုရေးအသင်းမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**




အပြေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးစဉ်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ရဟန်းသံဃာများ သီးသန့်အဆောင်နှင့် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း အဆောက်အအုံ အုတ်မြစ်ချမင်္ဂလာအခမ်းအနား တက်ရောက်

**မော်လမြိုင် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ကြခတ်ငူကျောင်းကြီး အတွင်း မြင့်မြတ်စိတ်ထား ဇီဝိတဒါန အခမဲ့ဆေးခန်း တွင်အများပြည်သူများ၏ကျန်းမာရေးဆိုင်ရာကိစ္စရပ် များကို လူမျိုးဘာသာမရွေး၊ အခမဲ့ဆေးဝါး ကုသ ပေးလျက်ရှိပြီး ထပ်မံလိုအပ်နေသော ရဟန်းသံဃာ များ သီးသန့်အဆောင်နှင့် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း အဆောက်အအုံ အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြင့်မြတ်စိတ်ထား ဇီဝိတဒါန အခမဲ့ဆေးခန်း၌ကျင်းပရာ ဆရာတော်၊ သံဃာ တော်အရှင်သူမြတ်များ၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး ကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌ လက်ပံသံကျောင်း ဆရာတော် ကြီးထံ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာ တော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များက မြင့်မြတ်စိတ်ထား ဇီဝိတဒါန အခမဲ့ဆေးခန်း တိုးချဲ့သံဃာတော်များ သီးသန့်ဆောင်နှင့် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းအဆောက် အအုံအတွက် အလှူငွေများ၊ ဘိလပ်မြေအိတ်များ နှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ် လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနု မောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့် အလှူရှင်များသည် မင်္ဂလာအချိန် တွင် မြင့်မြတ်စိတ်ထား ဇီဝိတဒါန အခမဲ့ဆေးခန်း တိုးချဲ့အဆောက်အအုံကို အုတ်မြစ်တော်ချပြီး



အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် အခမဲ့ဆေးခန်းအတွင်း လှည့်လည် ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင် (မော်လမြိုင်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး ဟိုပုံးမြို့၌ အမှတ်(၂)နယ်လှည့်ဆက်ဆံရေးတပ်ခွဲမှ လာရောက်ဖျော်ဖြေပေးနေမှုအား ကြည့်ရှုအားပေး

**ဟိုပုံး နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး မြို့ ဟိုပုံးတပ်နယ် ကွပ်ကဲမှု အောက်ရှိ ကျောင်း၊ တပ်ရင်းများ တွင် တာဝန်ထမ်းဆောင်နေကြ သော အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုဝင်များ၊ သင်တန်းသား များနှင့် ဟိုပုံးမြို့နယ်ရှိ ဌာန ဆိုင်ရာ ဝန်ထမ်းများ စိတ်အပန်း ဖြေနိုင်စေရေးအတွက် ယမန်နေ့ ည ၇ နာရီက တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ ကျောင်းရှိ ဘုရင့်နောင်ခန်းမ၌ အမှတ် (၂)နယ်လှည့်ဆက်ဆံရေး တပ်ခွဲမှ လာရောက်ဖျော်ဖြေပေး ကြောင်း သိရသည်။



ထိုသို့ အမှတ်(၂) နယ်လှည့် ဆက်ဆံရေးတပ်ခွဲမှ ဖျော်ဖြေရာ တွင် အဆို၊ အကအလှများ၊ တစ်ခန်းရပ်ပြဇာတ်၊ အငြိမ့်သဘင်၊ Dancer အကများဖြင့် ဖျော်ဖြေ ကြသည်။

အဆိုပါ ဖျော်ဖြေနေမှုများကို ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဇနီး၊ တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ ကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူး ချုပ် သိန်းနိုင်၊ ဟိုပုံးတပ်နယ် ကွပ်ကဲမှုအောက်ရှိ ကျောင်း၊ တပ်ရင်းများတွင် တာဝန် ထမ်း ဆောင်နေကြသော အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုဝင် များ၊ သင်တန်းသားများ၊ ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ကြည့်ရှုအားပေး ခဲ့သည်။ **(အောက်ဝဲပုံ)**

ထိုသို့လာရောက်ဖျော်ဖြေပေး ခဲ့သော အမှတ်(၂) နယ်လှည့် ဆက်ဆံရေးတပ်ခွဲကို ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲ ထွေးနှင့်ဇနီး၊ တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ ကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူး ချုပ် သိန်းနိုင်၊ အရာရှိကြီးများနှင့် သင်တန်းသားများ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း တို့က ဆုငွေများ ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မောင်တောမြို့၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြော

**မောင်တော နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့၌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် (၇၆) နှစ် မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်စပ်ဒေသတိုင်းရင်းသား လူငယ် များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ် ဦးနိန်ကီးက အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံးမှ လက်ထောက်ညွှန်ကြား ရေးမှူး (တာဝန်ပေး) ဦးမြင့်ခိုင်က ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် အသိပညာပေး ဟောပြောသည်။

အသိပညာပေး ဟောပြောပွဲသို့ မောင်တော ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးမြင့်ခိုင်နှင့် ဝန်ထမ်းများ၊ ကျောင်းအုပ် ဦးနိန်ကီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်စိန် (ပြန်/ဆက်)**

# ဇဟန်းမြို့နယ်၌ ရသစာပေဖန်တီးရေးဖွဲ့ခြင်းသင်တန်းဆင်းပွဲကျင်းပ

**ဇဟန်း နိုဝင်ဘာ ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင်(ဇဟန်း) ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြု ဇဟိုဌာနခွဲ၌ ရသစာပေဖန်တီးရေးဖွဲ့ ခြင်း သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုး က အမှာစကားပြောကြားပြီး ပန်းနုစံအိမ် စာပေ တည်ထောင်သူစာရေးဆရာမ မြသက် နွယ်နှင့် စာရေးဆရာ ခိုင်ချစ်အောင်တို့က မုဒိတာစကား ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို အမျိုးသားစာပေဆုရှင် စာရေးဆရာမောင်ခြိမ့် က ပေးအပ်ခဲ့ရာ သင်တန်းသူ သင်တန်းသား များကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံ ရယူသည်။

အဆိုပါ သင်တန်းသို့ စာပေဝါသနာရှင် ၃၄ ဦး တက်ရောက်သင်ကြားပြီး သင်တန်း ကာလမှာ အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မိုးမိုး**

# လှိုင်သာယာမြို့နယ်၌ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် (ခရိုင်တာဝန်ခံ) နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် စာကြည့်တိုက် များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) က တိုင်းဒေသကြီး စာကြည့်တိုက် ဥပဒေ၊ နည်းဥပဒေများနှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက် ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူများ စာဖတ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ တိုင်းဒေသ ကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံး အဖွဲ့မှူး ဦးဝင်းသိန်း၊ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမင်း သိုက်၊ မြို့နယ် (ပြန်/ဆက်)ဦးစီးအရာရှိ ဦးမြင့်ဇော် တို့က ခရိုင်/မြို့နယ် အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြပြီး အမှတ်(၁၄)ရပ်ကွက်၌ စာကြည့်တိုက်အသစ် ဆောက်လုပ်မည့် မြေနေရာအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွား လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစား ခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။


နိုဝင်ဘာ ဆောင်းဦးပါးကို အေးမြတဲ့ ဦးထိပ်ပန်ဆင်ရင်း
တိုင်းပြည်နဲ့ လူမျိုးအတွက်
အသက်ကို ပေးနေတဲ့
တရားသောစစ်ကို ဆင်နွှဲနေကြတဲ့
ရှေ့တန်းရောက် တပ်မတော်သားများအားလုံး
ဘေးရန်ကင်းကွာ၍
ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း
ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။


သို့
Fighting ပါ တပ်မတော်သားတို့ရေ ။
Moe Swe



အဆိုပါ စေတနာရှင် ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လားရှိုးမြို့မှ တစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ရွှင်လန်းစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်း၊ တရားသောစစ် အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များ အားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေး ထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုလို တင်ပြလိုက်ပါသည် -


ကိုမင်းမင်း


ကိုကြည်လွင်

**ကိုမင်းမင်း**

ကျွန်တော်ကတော့ အမျိုးသားရေးညီကိုမောင်နှမများ ရန်ကုန်ရဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားရေးအစည်းအရုံး-MM0 အထွေထွေအတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ နယ်စပ်မှာဝင်ပြီးတော့ တိုက်ခိုက်နေတဲ့ KIA အပါအဝင် TNLA ၊ MNDAA ၊ AA အဲဒီအဖွဲ့တွေကို ကျွန်တော်တို့ ရှုတ်ချခြင်းနဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်ကို ထောက်ခံတဲ့ပွဲလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလို တပ်မတော်ကို ထောက်ခံတဲ့ ပွဲလေးလုပ်ပေးတော့ ရှေ့တန်းမှာ ရောက်နေတဲ့ မြန်မာ့တပ်မတော်သားတွေပေါ့နော်။ သူတို့က အသက်စွန့်ပြီး တိုက်ခိုက်ပေးနေတဲ့အတွက် သူတို့တိုက်ခိုက်လို့လည်း ခုကျွန်တော်တို့ သွားသွားလာလာ လုံလုံခြုံခြုံနဲ့၊ အေးအေးချမ်းချမ်းနဲ့ သွားလာနေထိုင်နိုင်တာပေါ့နော်။အဲဒီလိုမျိုးသူတို့လည်း အားတက်အောင် ကျွန်တော်တို့ ဒီကနေ ထောက်ခံပါတယ်၊ သူတို့နောက်မှာ ကျွန်တော်တို့လည်း ရှိပါတယ်။ လိုအပ်ရင် လိုအပ်သလို ကျွန်တော်တို့လည်း လက်နက်ဆွဲကိုင်နိုင်ပါတယ် ဆိုတဲ့ဟာကို ကျွန်တော်တို့ အဓိကဒါပြောခြင်း ဖြစ်ပါတယ်။



**ကိုကြည်လွင်**

ကျွန်တော်ကတော့ ပြည်သူပါပဲ။ အမျိုးသားရေးစိတ်ရှိတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ဒီမှာလာပြီးတော့ ဝန်းရံတာပါ။ ဒီနေ့ အခမ်းအနားကတော့ အလွန်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှေ့တန်းရောက်နေတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့ ပြည်သူတွေကလည်းထောက်ခံတယ်ဆိုတာကို ကျွန်တော်တို့လည်းလာပြတာပါ။ ကျွန်တော်တို့လို ပြည်သူတွေရှိတယ်။ အနောက်မှာ အမြဲတမ်း ထောက်ခံနေတယ်။ လိုအပ်ရင်လည်း အမြဲတမ်း ကူညီမယ်ဆိုတဲ့အကြောင်းကို သိအောင်လို့ ကျွန်တော်တို့က ဒီလိုပွဲမျိုးတွေနဲ့အားပေးတာပါ။

ထို့ပြင် နိုဝင်ဘာ ၈ ရက်၊ နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းနှင့် မန္တလေးမြို့ပေါ်ရှိ လမ်းများ၊ မန္တလေးမြို့အဝင်အဝိုင်းထိပ်၊ မန္တလေးကျုံးဘေး၊ ရောဝတီရတနာပုံတံတား၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်းတို့တွင် အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများက အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီးရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လှူကထိန်သင်္ကန်းနှင့် မဂ်လမ်းကိုဆုပန်ရွယ်

မောင်သောင်းဝင်း(တမန်ဟောင်း)

**ကထိန်ပွဲတော်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်းသာ ကျင်းပရသော ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်သည်။ မိမိလှူချင်သည့်အချိန်တွင် လှူနိုင်သည့်အလှူပွဲမျိုးမဟုတ်သောကြောင့် ကာလဒါနဖြစ်၍ မြတ်သောအလှူဖြစ်သည်။ ထို့ပြင် ကထိန်သင်္ကန်းကပ်လှူရာ၌ ဘုရားရှင်ကိုယ်တော်တိုင် ကထိန်သင်္ကန်း၊ အလှူခံသံဃာတော်နှင့် အလှူရှင်ဒါယကာအတွက် စည်းကမ်းချက်များစွာ ထုတ်ပြန်ခဲ့သည်။ ထိုစည်းကမ်းများနှင့်အညီ ပြုလုပ်မှသာ ကထိန်မြောက်ကာ အထူးကုသိုလ်ကိုလည်း ရနိုင်သည်။ ကထိန်၏အဓိပ္ပာယ်သည် 'မြဲမြံခိုင်ခံ့ခြင်း' ပင်ဖြစ်သည်။ 'မယိမ်းမယိုင်ကျောက်စာတိုင်ပမာ တည်တံ့ခိုင်မြဲသော အစွမ်းသတ္တိ အရှိန်အဝါရှိသောကြောင့် ကထိန်' ဟုလည်း ခေါ်ဆိုပါသည်။**

"အလှူရေစက်လက်နှင့်မကွာ" ဆိုသောစကားသည် ဗုဒ္ဓဘာသာဝင်တို့၏ အလှူဒါနရက်ရောမှုကို ဖော်ညွှန်းလျက်ရှိသည်။ ထိုသို့လှူဒါန်းရာတွင် အလှူရှင်၊ လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်တို့ အပေါ်မူတည်၍ အကျိုးဖြစ်ထွန်းမှုလည်း ကွာခြားလျက်ရှိသည်။ ဗုဒ္ဓဘာသာမြန်မာတို့သည် ဝါလကင်းလွတ်သီတင်းကျွတ်ပြီဆိုသည်နှင့် နိုင်ငံတစ်ဝန်းတွင် ဘုရားပွဲများ၊ အလှူမင်္ဂလာပွဲများကို ခြိမ့်ခြိမ့်သဲ ကျင်းပလာကြသည်။ အထူးသဖြင့် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှသည် တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလအတွင်း ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။



### လှူဒါန်းတတ်ဖို့လို

အလှူတစ်ခု၏ အကျိုးကျေးဇူးသည် လှူဒါန်းသူ၏ စိတ်စေတနာထက်သန်မှုပေါ်တွင် များစွာမူတည်နေပါသည်။ အလှူရှင်၊ လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်သုံးဦး၊ သုံးဖလှယ်တို့တွင် သတ်မှတ်အရည်အချင်း၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံနေမည်ဆိုလျှင် ထိုလှူဒါန်းမှုအတွက် အကျိုးပေးသည် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ အလှူရှင်သည် လယ်စိုက်သူနှင့်တူပြီး လှူဖွယ်ပစ္စည်းသည် မျိုးစေ့နှင့် တူညီမှုရှိသည်။ ထို့အတူ အလှူခံပုဂ္ဂိုလ်သည် လယ်ကွက်နှင့် အလားသဏ္ဌာန်တူညီသည်။

လယ်စိုက်သူအလှူရှင်သည် ကြိုးပမ်းအားထုတ်မှုများ မည်မျှပင်ရှိနေစေကာမူ လှူဖွယ်ပစ္စည်းဖြစ်သည့် မျိုးစေ့သည် ညံ့ဖျင်းနေသည့်အပြင် အလှူခံပုဂ္ဂိုလ်ဖြစ်သော လယ်ကွက်တွင်လည်း မြေဆီလွှာ ညံ့ဖျင်းနေပါက အထွက်နှုန်းကောင်းနိုင်မည်မဟုတ်ချေ။ ထို့အတူလယ်စိုက်သူအလှူရှင်၏ အားထုတ်မှုနှင့် လှူဖွယ်ပစ္စည်း မျိုးစေ့တို့မည်မျှပင် ကောင်းမွန်နေစေကာမူ အလှူခံပုဂ္ဂိုလ်ဖြစ်သည့် လယ်ကွက်သည် သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ် ဟုခေါ်ဆိုသော မြေဆီလွှာများမရှိပါက ထိုအလှူသည် အကျိုးကြီးမားစွာ ဖြစ်ထွန်းနိုင်ခြင်း မရှိချေ။

အလှူခံပုဂ္ဂိုလ်ဖြစ်သည့် လယ်ယာမြေသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များဖြစ်သည့် မြေဆီလွှာများ မည်မျှပင် ပြည့်စုံနေစေကာမူ လယ်စိုက်သူအလှူရှင်၏ စေတနာသုံးတန် ပြတ်သားမှုနှင့် မျိုးစေ့ဟုခေါ်ဆိုသည့် လှူဖွယ်ပစ္စည်းများ၏ သန့်ရှင်းမှုတို့မရှိလျှင်လည်း ထိုအလှူအတွက် အကျိုးတရားသည် ကုန်သလောက် အကျိုးကျေးဇူးရရှိခံစားနိုင်ခြင်းမရှိချေ။

### သင်္ကန်းတွင်ကထိန်၊ ကျောင်းမှာသိမ်

အထူးသဖြင့် "သင်္ကန်းတွင်ကထိန်၊ ကျောင်းမှာသိမ်" ဆိုသောစကားသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလှူဒါနပြုရာတွင် အကျိုးဖြစ်ထွန်းစေရန် လမ်းပြပေးလျက်ရှိသည်။ ဆိုလိုသည်မှာ ကျောင်းလှူရာတွင် သိမ်ကျောင်းလှူဒါန်းခြင်းသည် အကျိုးများစွာဖြစ်ထွန်းသည်။ မြင့်မြတ်သော ရဟန်းပြုခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းနှင့် အခြားသောသံဃာ့ကိစ္စအဝဝတို့ကို ထိုသိမ်ကျောင်းအတွင်း၌သာပြုလုပ်ကြသည်။ ထို့ကြောင့် သိမ်ကျောင်းသည် သာသနာ၏ ရေသောက်မြစ်ဟုပင်ဆိုနိုင်သည်။

ထိုနည်းတူစွာပင် ကထိန်သင်္ကန်းသည်လည်း သံဃာကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ သံဃာကိုရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိသာ လှူဒါန်းရသဖြင့် ကာလဒါနမြောက်ခြင်း၊ သံဃာတော်များအား လာဘ်လာဘဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူအား အကျိုးငါးပါး တိုးပွားစေခြင်းနှင့် သံဃာများအားဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကို ပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါနတစ်ခုပင်ဖြစ်သည်။

ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားများသည် ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသံဃာတော်များရှိရာ ကျောင်းတိုက်များ၌သာ ကထိန်ခင်းကြသည်။ ကထိန်ခင်းရာ၌ သင်္ကန်းတစ်ထည်တည်းဖြစ်စေ၊ အများကိုဖြစ်စေ "ဣမံစီဝရံ သံဃဿဒေမိ" ဤသင်္ကန်းကို သံဃာတော်များအား လှူဒါန်းပါ၏ဟု လျှောက်ထား၍ ဆက်ကပ်လှူဒါန်းကြပါသည်။ ကထိန်သင်္ကန်းသည် ကထိန်ခင်းမည့်ကျောင်းတိုက်မှ ရဟန်းတော်များ၏ တိုက်တွန်းလှုံ့ဆော်မှုမပါဘဲ အလှူရှင်က သဒ္ဓါတရားနှင့်အညီ အလိုအလျောက် လာလှူသော သင်္ကန်းဖြစ်ရန် လိုအပ်ပါသည်။ ကထိန်ခင်းခွင့်ကို ရဟန်းတိုင်းမရနိုင်ပေ။ ကထိန်ခင်းမည့် ရဟန်းတော်သည် ပုရိမဝါကပ်ပြီး ပဝါရဏာပြုပြီးသော ရဟန်းဖြစ်ရန် လိုအပ်သည်။ မျက်မှောက်ကာလတွင် ကထိန်ခင်းရာ၌ မရှိန္ဒမ်းပါးသောရဟန်းအားဖြစ်စေ၊ အကြီးဆုံးမထေရ်အားဖြစ်စေ ကပ်လှူရန်အတွက် ဥ တ်သင်္ကန်းအပြင် ပရိက္ခရာရှစ်ပါးနှင့် အခြားသော လှူဖွယ်ပစ္စည်းများကိုလည်း ထည့်သွင်းလှူဒါန်းလေ့ရှိကြသည်။

### ကထိန်သင်္ကန်းဖြစ်ပေါ်လာခြင်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်အား ဖူးမြော်ရန်အတွက် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် ဝါကျွတ်သောအခါ ဝါဆိုဝါကပ်ရာဖြစ်သော ကေတပြည်မှ ခြေကျင်ခရီးဖြင့် ကြွလာခဲ့ကြရသည်။ ထိုစဉ်က မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် ရဟန်းများ မိုးရေစွတ်စိုကုန်ကြသည်။ ထိုသို့ မိုးရေစိုစွတ်သောသင်္ကန်းဖြင့်ပင် ဖူးမြော်ကြရသည်ကို မြတ်စွာဘုရားသခင် မြင်တွေ့ရသောအခါ ခရီးဝေးမှလာသည့် ထိုရဟန်းတို့ကို အကြောင်းပြု၍ ပုရိမဝါကပ်ခြင်း၌ ပြည့်စုံသောရဟန်းတို့အား ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ ကထိန်သင်္ကန်းဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဗုဒ္ဓစာပေများတွင် ဖတ်ရှုမှတ်သားရပါသည်။

### ကထိန်သင်္ကန်းလှူဒါန်းခြင်း၏ အကျိုးကျေးဇူးများ

မိမိသွားလိုရာခရီးကို အတားအဆီး၊ အနှောင့်အယှက်မရှိ လွတ်လပ်ဘေးကင်းစွာ သွားလာနိုင်ခြင်း၊ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း၊ အစာအဆိပ်သင့်မှုဘေးအန္တရာယ်မှ ကင်းဝေးနိုင်ခြင်း၊ မိမိပစ္စည်းဥစ္စာများအား အဖျက်အမှောင့်များရန်မှ ကာကွယ်နိုင်ခြင်းနှင့် မိမိပစ္စည်းဥစ္စာများအား သူတစ်ပါးနိုင်ထက်စီးနင်း ယူဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ ထို့အပြင် ကထိန်သင်္ကန်း အလှူရှင်များသည် ခန္ဓာကိုယ်၌ အညစ်အကြေးကင်းစင်ခြင်း၊ ခန္ဓာကိုယ်နူးညံ့ပြေပြစ်ခြင်း၊ နောက်ဆုံးပေါ် အဝတ်အစားမျိုးစုံကို ဝတ်ဆင်ခွင့်ရရှိခြင်းနှင့် အဆုံးတစ်နေ့တွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းဟူသည့် ထူးကဲသည့် အကျိုးတရားများစွာကိုလည်း ရရှိနိုင်ပေသည်။

### မုဒိတာပွားနိုင်

ကထိန်ပွဲတော်တွင်မပါမဖြစ်သော အရာသည် ပဒေသာပင်လှည့်ခြင်း ဖြစ်သည်။ ပဒေသာပင်လှည့်ခြင်း၏ရည်ရွယ်ချက်သည် လှူဖွယ်ပစ္စည်းများ ချိတ်ဆွဲထားသော ထိုပဒေသာပင်များကို ကြည့်ရှုပြီး မုဒိတာပွားများနိုင်စေရန်ဖြစ်သည်။ လူတစ်ဦးသည် ပဒေသာပင်တွင် မိမိတတ်နိုင်သမျှ ချိတ်ဆွဲလှူဒါန်းနိုင်ပေသည်။ ငွေကြေးမတတ်နိုင်သူများသည်ပင်လျှင် လုပ်အားဒါနဖြင့် ပါဝင်လှူဒါန်းနိုင်ကြသည်။ ထို့ကြောင့် အလှူကထိန်သင်္ကန်းနှင့် မဂ်လမ်းကိုရွယ်သော ကထိန်ပွဲတော်ပင်ဖြစ်ပါတော့သည်။

### အနှောင့်အယှက်မဖြစ်ရန်လို

မည်သည့်အလုပ်တွင်မဆို တန်ဆေး၊ လွန်ဘေးဆိုသလို အစွန်းမရောက်ဖို့တော့ လိုမည်ထင်ပါသည်။ ကထိန်ပွဲတော်ကာလအတွင်း ရက်ကွက်ထဲ၌ အသံချဲ့စက်များကို ကျယ်လောင်စွာဖွင့်ပြီး မိုးလင်းမိုးချုပ် အချိန်ပြည့် ပဒေသာပင်လှည့်နေမည်ဆိုလျှင် သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် အသံညစ်ညမ်းမှုဖြစ်လာစေနိုင်ပါသည်။ တချို့သောဒေသများတွင် ကထိန်ပွဲတော်၌ ဖျော်ဖြေပွဲများ၊ အငြိမ့်ပွဲများ၊ ဇာတ်ပွဲများဖြင့် အပျော်လွန်ကျူးလာသည်များလည်းရှိပေရာ ဦးစီးဦးဆောင်လုပ်ကိုင်သူများက ထိန်းထိန်းသိမ်းသိမ်း ချင့်ချိန်လုပ်ဆောင်သွားရန် လိုအပ်မည်ထင်ပါသည်။

### ရိုးရာအစဉ်အလာကို ဆက်လက်ထိန်းသိမ်းသင့်

ကမ္ဘာတွင် အလှူရေစက်လက်နှင့် မကွာသည်မှာ ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားများသာဖြစ်ကြသည်။ သာဓကအနေဖြင့် မြန်မာတို့သည် အလှူဒါနရက်ရောမှုကြောင့် မြန်မာနိုင်ငံသည် အလှူအတန်းပြုရာတွင် ကမ္ဘာ့အဆင့်တစ်နေရာ၌ပင် ရပ်တည်နိုင်ခဲ့ပေသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများသည် လယ်ယာထွက်ကုန် ပေါ်ဦး၊ ပေါ်ဖျားတို့ကို ဦးစွာ အလှူအတန်း ပြုလုပ်ကြသည်။ အခက်အခဲရှိသည့် တိုင်းရင်းသားများကို ကျန်တိုင်းရင်းသားများက ဝိုင်းဝန်းကူညီဖေးမ စောင့်ရှောက်ပေးလေ့ရှိကြသည်။ ထိုဓလေ့မျိုးကို မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံတွင်မျှ တွေ့ရှိရမည် မဟုတ်ချေ။ ဂုဏ်ယူစရာကောင်းသော ထိုရိုးရာထုံးတမ်းအစဉ်အလာကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းသွားရန်သည် ကျွန်ုပ်တို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက အကျိုးထူးငါးဖြာကို ချက်ချင်းရရှိစေနိုင်သော ကထိန်သင်္ကန်းအား ဆက်ကပ်လှူဒါန်းခြင်းဖြင့် မဂ်လမ်းကို ဝင်နိုင်ကြပါစေ။ ။

**"ကထိန်ပွဲတော်ကာလအတွင်း ရက်ကွက်ထဲ၌ အသံချဲ့စက်များကို ကျယ်လောင်စွာဖွင့်ပြီး မိုးလင်းမိုးချုပ် အချိန်ပြည့် ပဒေသာပင်လှည့်နေမည်ဆိုလျှင် သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် အသံညစ်ညမ်းမှု ဖြစ်လာစေနိုင်ပါသည်။ တချို့သော ဒေသများတွင် ကထိန်ပွဲတော်၌ ဖျော်ဖြေပွဲများ၊ အငြိမ့်ပွဲများ၊ ဇာတ်ပွဲများဖြင့် အပျော်လွန်ကျူးလာသည်များလည်းရှိပေရာ ဦးစီးဦးဆောင်လုပ်ကိုင်သူများက ထိန်းထိန်းသိမ်းသိမ်း ချင့်ချိန်လုပ်ဆောင်သွားရန်လိုအပ်မည် ထင်ပါသည်"**

## မြိတ်မြို့၌ ထိုင်းနိုင်ငံ ငါးဈေးကွက်ကျဆင်းမှုကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများ အခက်တွေ့



**မြိတ် နိုဝင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိသည့်ငါးများ ငါးဖမ်းရာသီအဖွင့်တွင် ထိုင်းနိုင်ငံ ငါးဈေးကွက်အတွင်း၌ ကင်းမွန်၊ ငါးနှင့် ပါကေးများ ဈေးနှုန်းကျဆင်းနေသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲများ ကြုံတွေ့နေကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိသောငါးများကို ထိုင်းနိုင်ငံရှိ ငါးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေရသည့်အတွက်ကြောင့် ထိုင်းငါးဈေးကွက်တွင် ဈေးနိမ့်ခြင်းများ ကြုံတွေ့နေသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းငါးဈေးကွက် မရှိသည့်အတွက်ကြောင့် ထိုင်းကပေးသည့်ဈေးအတိုင်း ရောင်းချနေရကြောင်း သိရသည်။

"၁၀ တန်အထက် ကားတစ်စီးကို Invoice အပါအဝင် ငွေလဲရာခိုင်နှုန်းနှင့် အထွေထွေစားစရိတ်ပေါင်းရင် ငွေကျပ် သိန်း ၆၀ လောက် ကုန်ကျနေတယ်။ ထိုင်းကလည်း ရေထွက်ကုန်တွေကို ဈေးနှုန်းချထားတဲ့အတွက် လုပ်ငန်းလုပ်ကိုင်ရတာ အဆင်မပြေတော့ဘူး။ လမ်းခရီးတစ်လျှောက် ကုန်ကျတာတွေ၊ အချိန်မီရောက်ဖို့ သွားရတာတွေရှိသေးတယ်၊ မောတောင်နယ်စပ်ကနေ တင်ပို့မယ်ဆိုရင်လည်း အေးခဲထားတဲ့ကုန်တွေပဲရတယ်။ ရေခဲစိမ်ကုန်တွေကို တင်ပို့လို့မရသေးဘူး၊ တချို့ကို ရေလမ်းခရီးကပဲ တင်ပို့ရတယ်။ ထိုင်းတစ်နိုင်ငံလုံးမှာ ရေထွက်ပစ္စည်းတွေဈေးကျနေတော့ ဒီနှစ် အတော်ရုန်းကန်ရဦးမယ်"ဟု မြိတ်မြို့မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်များကထက် ယခုနှစ် ငါးဖမ်းရာသီတွင် ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်း လုပ်ကိုင်နေသည့် ငါးဖမ်းလှေများတွင် ငါးအမိနည်းနေသည့်အပြင် ဝယ်လက်များက ဈေးနှုန်းချထားသည့်အတွက် လုပ်ငန်းတွက်ခြေမကိုက်ဖြစ်နေကြောင်း သိရသည်။ မြိတ်ကျွန်းစုထွက် ရေသယံဇာတများကို အဓိကဝယ်ယူနေသည့် ထိုင်းနိုင်ငံတွင် ငါးဈေးကွက်ကျဆင်းနေသည့်အပြင် Invoice သတ်မှတ်မှု ကြီးမြင့်မှုနှင့်လည်း ကြုံတွေ့နေရကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်စက်မှုဇုန်တွင်လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က တည်ရှိခဲ့သည့် အပြည်ပြည်ဆိုင်ရာ ငါးလေးလံဈေးကြီးတွင် ငါးဈေးကွက်ကြီး ပြန်လည်အကောင်အထည်ဖော်ဆောင်နိုင်ပါက လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ငါးများကို ကြိုက်ဈေးခေါ်ယူရောင်းချနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စရိတ်စခသက်သာခြင်း၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည့်အပြင် တရားမဝင်ကုန်သွယ်မှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ပြီး၊ နိုင်ငံတော်အတွက် အခွန်အခများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## သရက်မြို့၌ မျက်စိနာရောဂါအကြောင်း အသိပညာပေးဟောပြော

**သရက် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် မျက်စိနာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားများ တက်ရောက်သည်။



အခမ်းအနားတွင် ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်ခင်ဌေးလှိုင်က ရောဂါဖြစ်ရခြင်းအကြောင်းအရင်းမှာ မျက်မြေးရောင် မျက်စိရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်သည်။ ရောဂါလက္ခဏာများမှာ မျက်စိနီခြင်း၊ ရောင်ခြင်း၊ မျက်စိနာခြင်း၊ ကိုက်ခြင်း၊ မျက်ရည်ထွက်ခြင်း၊ မျက်ဝတ်အနည်းငယ်ထွက်ခြင်းများ ဖြစ်ပွားနိုင်ပြီး ကူးစက်ပြန့်ပွားပုံမှာ မျက်မြေးရောင် မျက်စိနာသူနှင့် အလွန်နီးကပ်စွာနေထိုင်ခြင်း၊ မျက်မြေးရောင်မျက်စိနာသူ၏ အသုံးအဆောင်ပစ္စည်းများ ကိုင်တွယ်သုံးစွဲမိခြင်းတို့ကြောင့် ကူးစက်တတ်ပြီး ကုသနည်းမှာ မျက်မြေးရောင် မျက်စိနာသူနှင့် နီးကပ်စွာမနေပါနှင့်၊ မျက်မြေးရောင်မျက်စိနာနေသူ၏ အသုံးအဆောင်ပစ္စည်းများကို ယူမသုံးရန်နှင့် အိမ်မှာ အနားယူ၍ ရောဂါကုသခံယူရန်တို့ဖြစ်ကြောင်း ပြောကြားသည်။

**ဖော်ထက်(သရက်)**

## သရက်ချောင်းမြို့နယ်ရှိ မြို့မဈေး၌ မီးဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**သရက်ချောင်း နိုဝင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြုံတွေ့လာရပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် မီးဘေးအန္တရာယ်ကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၂ ရက်က မြို့မဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်စွမ်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်လွင်နှင့် တပ်ဖွဲ့ဝင်များက ဈေးအတွင်း မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ကိရိယာများ အသင့်ထားရှိမှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ဈေးသည်များနှင့် ပြည်သူများအား မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ပြောကြားသည်။



**ပြည့်ဖြိုးပိုင်(သရက်ချောင်း)**

## အမ်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**အမ်း နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အောက်ရွာကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူ ဦးဇော်မျိုးထက်တို့ ပူးပေါင်းဆောင်ရွက်ထားသောလယ် ၁၀ ဧကတွင် စိုက်ပျိုးသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၁ ရက်က ဆောင်ရွက်သည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်က အမ်းမြို့နယ်အတွင်း မိုးစပါး၊ နွေစပါး ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ တောင်သူများအတွက် အကျိုးရှိနိုင်မည့် စံပြလယ်ယာစနစ်များ ဖော်ဆောင်ပေးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားပြီး ထို့နောက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ ပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းရာ ဆင်းသွယ်လတ်စပါးကောင်းအဆင့် စံကွက်တစ်ဧကပျမ်းမျှအခြောက်အထွက်နှုန်းမှာ တင်း ၈၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

အမ်းမြို့နယ်အတွင်းရှိ ဒေသခံများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မိုးစပါးစိုက်ပျိုးရန် နည်းပညာမျိုးစေ့များကိုရယူ၍ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ယခုနှစ်တွင် ဒေသတွင်း ဆန်ဖူလုံရေးနှင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လွိုင်လင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေး

**လွိုင်လင် နိုတင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်တွင် တာဝန်ရှိသူများက ဟဲနန်းကျေးရွာအုပ်စု ကောင်းငိုကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ကောင်းငိုကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဒေါ်မေပိုးဦးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

**မောင်ခိုင်**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ ဝါကျအချင်းချင်းကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ Conjunctions တွေအကြောင်းရှင်းပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း “Immigrant Life–IX” နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားနိုင်ငံတစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about “Immigrant Life–IX” ဆိုပြီးဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် (Antonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာတော့ Conjunctions တွေအကြောင်း ရေးသားဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**Conjunctions (စကားဆက်)**

Conjunctions တွေဟာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကိုဖြစ်စေ၊ ဝါကျပိုင်းတွေကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့နေရာမှာ သုံးတဲ့ စကားဆက်တွေပဲဖြစ်ပါတယ်။ စကားဆက်များသည် များသောအားဖြင့် ဝါကျတိုနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက်ပိုသော ဝါကျကိုများကို တစ်ကြောင်းထဲပေါင်းပြီး ပိုမိုအဓိပ္ပာယ်ပြည့်စုံအောင် ဆက်ပေးခြင်းပဲဖြစ်ပါတယ်။ ဒီနေ့ဖော်ပြသွားမယ့်စကားစုတွေကတော့ and ၊ but ၊ or ၊ so ၊ တို့ပဲဖြစ်ပါတယ်။

And (နှင့်၊ ပြီးလျှင်) အဓိပ္ပာယ်တူတာတွေကို ဆက်တဲ့နေရာမှာ သုံးနိုင်ပါတယ်။

ဥပမာ –

- The car stopped. (Sentence A) The driver got out.(Sentence B)
  The car stopped **and** the driver got out.
- We stayed at home. (Sentence A) We watched TV. (Sentence B)
  We stayed at home **and** watched TV.
- My sister is married. (Sentence A) She lives in London. (Sentence B)
  My sister is married **and** (she) lives in London.
- He doesn't like her. (Sentence A) She doesn't like him. (Sentence B)
  He doesn't like her **and** she doesn't like him.
- Ann is at work. (Sentence A) Sue has gone shopping. (Sentence B) Chris is playing football. (Sentence C)
  Ann is at work**,** Sue has gone shopping **and** Chris is playing football.

But (သို့သော်လည်း) အဓိပ္ပာယ်မတူလျှင်ဆက်နိုင်ပါတယ်။

ဥပမာ –

- I bought a newspaper. (Sentence A) I didn't read it. (Sentence B)
  I bought a newspaper **but** I didn't read it.
- It's a nice house. (Sentence A) It hasn't got a garden. (Sentence B)
  It's a nice house **but** it hasn't got a garden.
- I wanted to phone you. (Sentence A) I didn't have your number. (Sentence B)
  I wanted to phone you **but** I didn't have your number.

Or (သို့မဟုတ်) တစ်ခုမဟုတ် တစ်ခုရွေးချယ်မှုကို ဖော်ပြလျှင် or နှင့် ဆက်နိုင်ပါတယ်။

ဥပမာ –

- Do you want to go out? (Sentence A) Are you too tired? (Sentence B)
  Do you want to go out **or** are you too tired?
- Do you want me to come with you? (Sentence A) Shall I wait here? (Sentence B)
  Do you want me to come with you **or** shall I wait here?
- I'll drink coffee. I'll drink tea.
  I'll drink coffee **or** tea.

So (ထို့ကြောင့်) အကျိုးရလဒ်ကိုဆက်လိုလျှင် so ဖြင့် ဆက်နိုင်ပါတယ်။

ဥပမာ –

- It was very hot. (Sentence A) I opened the window. (Sentence B)
  It was very hot **so** I opened the window.
- The water wasn't clean. (Sentence A) We didn't go swimming. (Sentence B)
  The water wasn't clean **so** we didn't go swimming.
- They like films. (Sentence A) They often go to the cinema. (Sentence B)
  They like films **so** they often go to the cinema.

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

1. must go
2. ust meet
3. must wash
4. must learn
5. must go
6. must win
7. must be

**Exercise (2) မှအဖြေများ**

1. I had to
2. I must
3. I had to
4. I must
5. I had to
6. I had to
7. I must

**Exercise (3) မှအဖြေများ**

1. needn't clean.
2. needn't hurry
3. mustn't lose
4. needn't wait
5. mustn't forget
6. needn't write

**Exercise (4) မှအဖြေများ**

1. needn't
2. must
3. needn't
4. had to
5. must
6. mustn't
7. must
8. had to
9. needn't

## VOCABULARY ( ANTONYMS)

1. **within ((အချိန်)အတွင်း)** ≠ **without (မပါဘဲ၊ မရှိဘဲ)**
2. **work (အလုပ်လုပ်သည်)** ≠ **rest (အနားယူသည်)**
3. **young (ငယ်ရွယ်သော)** ≠ **old (အသက်ကြီးသော)**
4. **youth (လူငယ်၊ ငယ်ရွယ်နုပျိုသော)** ≠ **adulthood (လူလားမြောက်သော၊ လူကြီးဘဝ)**
5. **yes (ဟုတ်သည်၊ မှန်သည်၊ ထောက်ခံသည်)** ≠ **no (မဟုတ်ပါ၊ မမှန်ပါ၊ မထောက်ခံပါ)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*



## CONVERSATION

### Shortest way to talk about “Immigrant Life – IX”

ဒီတစ်ပတ်မှာတော့ “Immigrant Life–IX” နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားတိုင်းပြည်တစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about “Immigrant Life–IX” ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Immigrant Life Part IX**

**What's the weather like?**

**Nick:** What's the weather like?

**Laura:** Well, the summers are comfortable and wet, the winters are very cold and it is partly cloudy all year round. Munich is the coldest city in all of Germany, because it's close to the Alps.

**Nick:** Does it snow a lot in Munich?

**Laura:** Yes, it does.

**Nick:** So it must have been really hard for you to get used to the climate here which is so different.

**Laura:** Yes, it's completely different. It's so hot most days. But I'm getting used to it.

**George:** Is the good in Germany very different than the one here?

**Laura:** I think Germans eat more fresh food than Americans. German cuisine is reputed for having the best sausages or beers whereas Americans drink more wine and coffee.

**Nick:** So how come you decided to move to Miami, going thousands of miles away from home?

**Laura:** I have always wanted to live close to the sea and surrounded by nature. So when I found out the job opening here in Miami, I jumped at the opportunity. I applied immediately and I was soon offered the job.

**Language Focus**

**What's the weather like?**

၁။ ရာသီဥတုအခြေအနေဘယ်လိုလဲ ဆိုပြီး မေးတဲ့အခါ What's the weather like? ဆိုပြီးမေးနိုင်ပြောနိုင်ပါတယ်။ ဥပမာ –

- What's the weather like out?
  It's sunny today.

**the coldest**

၂။ ဒါကတော့ အားလုံးထဲမှာ အကောင်းဆုံး၊ အသာလွန်ဆုံး၊ အအေးဆုံးဆိုပြီးပြောရင် D3 နဲ့ပြောတဲ့ပုံစံပဲဖြစ်ပါတယ်။ ဥပမာ –

- Mg Mg is the tallest boy in the class.
  မောင်မောင်ဟာ အတန်းထဲမှာ အရပ်အရှည်ဆုံးကောင်လေးဖြစ်ပါတယ်။
- Munich is the coldest city in all of Germany.
  မြူးနစ်က ဂျာမနီမှာ အအေးဆုံး မြို့တစ်မြို့ဖြစ်ပါတယ်။

**Than**

၃။ တစ်ခုနဲ့တစ်ခု ဘယ်သူပိုကောင်းလဲ၊ ဘယ်ဟာပိုကောင်းလဲ၊ ဘယ်သူပိုတော်လဲ စသဖြင့် နှိုင်းယှဉ်ရင် သုံးနိုင်ပါတယ်။ ဥပမာ –

- Aung Aung is cleverer than Mya Mya.
- Yangon is more modernized than Mandalay.
- I think Germans eat more fresh food than Americans.

**I'm getting used to it**

၄။ အလေ့အကျင့်ဖြစ်လာပြီ။ အလေ့အထဖြစ်လာပြီ၊ အကျွမ်းတဝင်ဖြစ်လာပြီဆိုပြီး ပြောရင် အခုလို I'm getting used to it ဆိုပြီးပြောနိုင်ပါတယ်။ အလွတ်ကျက်မှတ်ထားရင်တော့ ပိုကောင်းပါတယ်။

**I jumped at the opportunity**

၅။ အခွင့်အရေး၊ ကမ်းလှမ်းချက်ကို မလွတ်တမ်း အမိအရယူတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါကိုတော့ ဝါကျမှာ I jumped at the opportunity လို့ပြောပါတယ်။

# ဂါဇာကမ်းမြောင်ဒေသ လုံခြုံရေးကို အစ္စရေးစစ်ဘက်မှ ထိန်းချုပ်ထားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၁၂**

ပါလက်စတိုင်း အစ္စလာမ္မစ်အုပ်စုသည် ဂါဇာမြောက်ပိုင်းကို ထိန်းချုပ်မှုဆုံးရှုံးသွားပြီဟု နေတန်ယာဟုက နိုဝင်ဘာ ၁၁ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။

အစ္စရေးစစ်တပ်သည် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပွားစေရန် လုံခြုံရေးရှုထောင့်မှ ထိန်းချုပ်ထားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လက်ဘနွန်အခြေစိုက် ရှီးယိုက်စစ်သွေးကြွအဖွဲ့ ဟစ်ဇ်ဘိုလာကလည်း လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးကို တိုက်ခိုက်မှုပြုလုပ်နေကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် ပဋိပက္ခအတွင်းသို့ ဝင်ရောက်ရန် မှားယွင်းသော ဆုံးဖြတ်ချက် မချသင့်ကြောင်း ၎င်းက ဆိုသည်။

ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟတ်ဆန် နာစရယ်လာကလည်း အီရတ်၊ လက်ဘနွန်နှင့် ယီမင်တို့တွင် ခုခံရေးလှုပ်ရှားမှုများကို ရပ်တန့်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ဂါဇာတွင် တိုက်ပွဲများရပ်တန့်ရန်ပင်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက်က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ဂါဇာဒေသ၏အကြီးဆုံး အယ်လ်ရှီဖာဆေးရုံကို အစ္စရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားလိုက်ပြီး အဓိကအချက်မှာ ဟားမားစ်တို့၏ အမာခံစခန်းတစ်ခုသည် အဆောက်အအုံအောက်တွင် ရှိနေသည်ဟု ၎င်းတို့က ဆိုသည်။

အစ္စရေးတပ်က အယ်လ်ရှီဖာဆေးရုံနှင့် အလယ်ပိုင်းရှိ အခြားဆေးရုံနှစ်ခုရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ လူနာများနှင့် အခြားသူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်ထားသည်။ အဆိုပါ အဆောက်အအုံများတွင် ခိုလှုံသူအများအပြား ရှိနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု။

# တစ်ရက်အတွင်း အာဖဂန်နေရပ်ပြန်သူပေါင်း ၆၀၀၀ ကျော်ရှိ

**ကဘူးလ် နိုဝင်ဘာ ၁၂**

ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ နေရပ်ပြန်သူများမှာ နိုဝင်ဘာ ၁၁ ရက် တစ်ရက်အတွင်းမှာပင် လူပေါင်း ၆၀၀၀ ကျော် ရှိသည်ဟု ဒုက္ခသည်များ ပြန်လည်လက်ခံရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၂ ရက်တွင် ပြောသည်။

ပါကစ္စတန်တွင် နှစ်များစွာ နေထိုင်ခဲ့သည့်အာဖဂန်နိုင်ငံသား ၆၀၀၁ ဦးမှာ တော့ဟမ်နှင့် စပင်ဘိုဒေါ့ခ် ဖြတ်သန်းရေးဂိတ်များမှတစ်ဆင့် ၎င်းတို့၏နေရပ်သို့ နိုဝင်ဘာ ၁၁ ရက်တွင် ပြန်သွားကြပြီဖြစ်သည်။ ပါကစ္စတန်တွင် အထောက်အထားမဲ့ နေထိုင်နေကြသည့် အာဖဂန်နိုင်ငံသားများကို နေရပ်ပြန်ပို့မည်ဟု ပါကစ္စတန်အစိုးရက ဆုံးဖြတ်ပြီးနောက် နေရပ်ပြန် အာဖဂန်ပေါင်း ၂၀၀၀၀၀ ကျော်ရှိလာပြီဟု သိရသည်။

အာဖဂန် ဒုက္ခသည်ပေါင်း ၂ ဒသမ ၅ သန်းမှာ ပါကစ္စတန်တွင် နေထိုင်နေကြသည်။ ဆောင်းတွင်းသို့ ဝင်ရောက်လာတော့မည်ဖြစ်သည့်အတွက် နေရပ်ပြန်လာသည့် ဒုက္ခသည်များအတွက် ခိုလှုံရာနေရာများအပါအဝင် အခြားသောလိုအပ်သည့် ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဟု အာဖဂန်အစိုးရက ပြောသည်။

**ဆင်ဟွာ**



နေရပ်ပြန် အာဖဂန်နစ္စတန်နိုင်ငံသားများကို တွေ့ရစဉ်။

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် ငါးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၂**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ဖိုင်ဆာလာဘက်ခရိုင်၌ နိုဝင်ဘာ ၁၂ ရက်က ဘတ်စ်ကားနှင့် ကားတစ်စီးတိုက်မှုဖြစ်ပွားသဖြင့် ငါးဦးထက်မနည်းသေဆုံးပြီး အခြားရှစ်ဦးမှာ ဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ထုတ်ပြန်ထားသည်။

### ရှုတ်တရက်လာသည့်ကားကို တိုက်မိ

ခူရီယန်ဝါလာလမ်းပေါ်တွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီးသည် လမ်းသွယ်မှ ရုတ်တရက်လာသည့်ကားကို တိုက်မိခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

### လမ်းဘေးရှိဟိုတယ်ကိုလည်း တိုက်မိ

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ဘတ်စ်ကားသည် လမ်းတစ်ဖက်ရှိ ထွန်စက်ကိုတိုက်မိပြီးနောက် လမ်းဘေးရှိဟိုတယ်ကိုလည်း တိုက်မိခဲ့သည်။ အခင်းဖြစ်ရာနေရာ၌ အဆိုပါကားအတွင်း လူလေးဦးနှင့် ဘတ်စ်ကား မောင်းနှင်သူသေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



# ဆိုမာလီယာ တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းသည် အဓိကကျကြောင်း ကုလသမဂ္ဂပြောကြား

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၁၂**

နိုင်ငံတည်ငြိမ် အေးချမ်းရေးအတွက် ဆိုမာလီယာအစိုးရနှင့် ဆိုမာလီယာရှိ အာဖရိကသမဂ္ဂအသွင် ကူးပြောင်းရေးမစ်ရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုကို ကုလသမဂ္ဂက ချီးကျူးဂုဏ်ပြုလိုက်သည်။

နိုဝင်ဘာ ၁၁ ရက်က ဆိုမာလီယာသို့ သုံးရက်ကြာ အလည်အပတ်ရောက်ရှိနေသော ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မာသာဖိုးဘီးက အာဖရိကသမဂ္ဂအသွင်ကူးပြောင်းရေး မစ်ရှင်နှင့် ဆိုမာလီခေါင်းဆောင်များအား ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုများ ဆက်လက်ရရှိရန် အာမခံခဲ့သည်။

ဆိုမာလီယာ နိုင်ငံသည် ကြီးမားသော ခြေလှမ်းများ စတင်နိုင်ခဲ့ကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်ခန့်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများကို မြင်တွေ့ရကြောင်း ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှူး၌ နိုဝင်ဘာ ၁၂ ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖိုးဘီးက ပြောကြားသည်။

ဆိုမာလီယာ နိုင်ငံခြားရေးဝန်ကြီး အလီ မိုဟာမက်အိုမာက နိုင်ငံ၏တိုးတက်မှုအတွက် ကုလသမဂ္ဂ နိုင်ငံတကာမိတ်ဖက်အဖွဲ့များအား ချီးကျူးဂုဏ်ပြုခဲ့ပြီး မိတ်ဖက် အဖွဲ့အစည်းများ၏ အကူအညီမပါဘဲ ယနေ့ခေတ် ဆိုမာလီယာ အခြေအနေသို့ ရောက်ရှိမည် မဟုတ်ကြောင်း ပြောကြားသည်။

ဆိုမာလီယာအတွက် အာဖရိကသမဂ္ဂ ကော်မရှင်ဥက္ကဋ္ဌနှင့် အာဖရိကသမဂ္ဂ အသွင်ကူးပြောင်းရေး မစ်ရှင်အကြီးအကဲ၏ အထူးကိုယ်စားလှယ် မိုဟာမက်အယ်လ်အမိန်းဆွတ်ဖ်ကလည်း ဆိုမာလီယာအတွက် ကုလသမဂ္ဂ ထောက်ပံ့ရေးရုံးမှ တာဝန်ရှိသူများ၊ ဆိုမာလီယာရှိ ကုလသမဂ္ဂ အကူအညီပေးရေး မစ်ရှင်နှင့်အတူ လူသားချင်း စာနာထောက်ထားမှု အခြေအနေ၊ တပ်ဖွဲ့များ ဆုတ်ခွာမှုအခြေအနေနှင့် အထွေထွေ အကူးအပြောင်း လုပ်ငန်းများ၊ အယ်နီညိုကြောင့် ရေကြီးရေလျှံမှု ပြဿနာကို အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းနိုင်ရေး အဖြေရှာနိုင်ခဲ့ကြောင်း ဖိုးဘီးအား ရှင်းလင်းပြောကြားသည်။

**ဆင်ဟွာ**



အာဖရိကသမဂ္ဂ အသွင်ကူးပြောင်းရေး မစ်ရှင်၏ တပ်ဖွဲ့ဝင်များ ဆိုမာလီယာမှ စတင်ထွက်ခွာစဉ်။

# ဘရာဇီးနိုင်ငံ၌ လျှပ်စစ်နှင့် ဟိုက်ဘရစ်ကားများ တင်သွင်းခွန်ပြန်လည်ကောက်ခံမည်

**ဆော်ပိုလို နိုဝင်ဘာ ၁၂**

လက်တင်အမေရိက၏ စီးပွားရေးအကြီးဆုံးဖြစ်သော ဘရာဇီးတွင် လျှပ်စစ်နှင့်ဟိုက်ဘရစ်ကားများ တင်သွင်းခွန်စည်းကြပ်မှုပြန်လည်စတင်တော့မည်ဖြစ်သည်။ တိုင်းပြည်၏ မော်တော်ယာဉ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားပေးသည့် နည်းလမ်းလည်းဖြစ်သည်။

အခွန်းစည်းကြပ်ရခြင်း၏ ရည်မှန်းချက်မှာ ကားထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးနှင့် ဘရာဇီးနိုင်ငံထုတ်ကားများ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့်လျှော့ချရန်ဖြစ်သည်ဟု စက်မှုနှင့်ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကက နိုဝင်ဘာ ၁၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ခုနှစ် ဇန်နဝါရီလမှစတင်ကာ အခွန်ကောက်ခံမှုကို ပြန်လည်စတင်မည်ဖြစ်ပြီး ၂၀၂၆ ဇူလိုင်လအရောက်တွင် သွင်းကုန်တန်ဖိုး ၃၅ ရာခိုင်နှုန်းထိရောက်အောင် စည်းကြပ်သွားမည်ဟု သိရသည်။ အဆိုပါလုပ်ဆောင်မှုကို ဘရာဇီးနိုင်ငံခြားကုန်သွယ်မှုဌာနက ခွင့်ပြုချက်ပေးခဲ့သည်။

**ဆင်ဟွာ**

# ဂါဇာ ပဋိပက္ခနှင့်ဆက်စပ်၍ အကျပ်အတည်းနှင့် ရင်ဆိုင်လာရသည့်အီရတ်

နှင်းမိုးအိမ်



အီရတ်နိုင်ငံ အန်ဘာသဲကန္တရ အနောက်ပိုင်းရှိ အင် အယ်–အဆတ် လေတပ်အခြေစိုက်စခန်း။

**အစ္စရေး** နှင့် ပါလက်စတိုင်း အစ္စလာမ့်စ်တော်လှန်ရေး လှုပ်ရှားမှု(ဟားမားစ်) တို့အကြား တိုက်ပွဲများကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် မတည်ငြိမ်မှုများနှင့် ကြုံတွေ့နေရပြီး အီရတ်နိုင်ငံသည် ပင်လျှင် အမေရိကန်နှင့် ရှီးယိုက်လက်နက်ကိုင်အုပ်စုတို့အကြား ကြားမညှပ်ဘဲ ဟန်ချက်ညီအောင် ထိန်းသိမ်းနေရသည်။

- ❖ **လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် အီရတ်၏ လုံခြုံရေးအခြေအနေကိုလည်း ရိုက်ခတ်မှုများရှိလာမည်ဟု အီရတ်ကျွမ်းကျင်သူများက ယူဆကြသည်**
- ❖ **အကယ်၍ ရှီးယိုက်လက်နက်ကိုင်အဖွဲ့များသည် အမေရိကန် ကျောထောက်နောက်ခံပြုထားသော အစ္စရေးကိုဆန့်ကျင်၍ ပဋိပက္ခထဲ ပါဝင်လာပါက အီရတ်၏ လုံခြုံရေးတွင်လည်း ရိုက်ခတ်မှုများရှိလာမည်ဟု ခန့်မှန်းထားကြသည်**

## အီရတ်လုံခြုံရေးတွင် ရိုက်ခတ်မှုရှိလာနိုင်

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ဟားမားစ်တို့၏ လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် အီရတ်၏ လုံခြုံရေးအခြေအနေကိုလည်း ရိုက်ခတ်မှုများရှိလာမည်ဟု အီရတ်ကျွမ်းကျင်သူများက ယူဆကြသည်။ အကယ်၍ ရှီးယိုက် လက်နက်ကိုင်အဖွဲ့များသည် အမေရိကန် ကျောထောက်နောက်ခံပြုထားသောအစ္စရေးကို ဆန့်ကျင်၍ ပဋိပက္ခထဲ ပါဝင်လာပါက အီရတ်၏ လုံခြုံရေးတွင်လည်း ရိုက်ခတ်မှုများရှိလာမည်ဟု ခန့်မှန်းထားကြသည်။ ပြီးခဲ့သည့် အောက်တိုဘာလ ၇ ရက်က ဟားမားစ်တို့သည် ဂါဇာကမ်းမြောင်ဒေသနှင့် နီးကပ်သည့် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အစ္စရေးတို့က ပြန်လည်လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့ကို ဝေဟင်မှ တိုက်ခိုက်မှုအပါအဝင် မြေပြင်ထိုးစစ်ဆင်မှုများပါ ပြုလုပ်ခဲ့သည်။

## လုံခြုံရေးပျက်သုဉ်းစေနိုင်

အီရတ်မြေပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ရှိနေခြင်း၊ အီရန် ဦးဆောင်သည့် ခုခံရေးဝင်ရိုးတန်း အစိတ်အပိုင်းများဖြစ်သည့် အစ္စရေးဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များကြောင့် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံရေးအခြေအနေတို့တွင် သက်ရောက်မှုများ ဖြစ်လာနိုင်သည်ဟု အီရတ်နိုင်ငံရေးကျွမ်းကျင်သူ နက်ဒန်ဟင်အလီက ဆင်ဟွာသို့ ပြောသည်။ အဆိုပါ လက်နက်ကိုင်အုပ်စုများသည် အီရတ် ပါလီမန်နှင့် အစိုးရအဖွဲ့တွင်လည်း သိသာထင်ရှားသည့် သက်ရောက်မှုများရှိသည်ဟု ၎င်းက ဆက်ပြောသည်။ အစ္စရေးနှင့် ဟားမားစ်တို့၏ ပဋိပက္ခအတွင်း အီရတ်လက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်မှုသည် အီရတ်နိုင်ငံ၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေမည်မဟုတ်ဘဲ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကို ပျက်သုဉ်းစေနိုင်မည်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

## အမေရိကန် အခြေစိုက်စခန်းများ တိုက်ခိုက်ခံရ

အောက်တိုဘာ ၇ ရက် အစ္စရေးနှင့် ဟားမားစ်တို့၏ ပဋိပက္ခများ စတင်သည့်အချိန်မှ စတင်ကာ အီရတ်လက်နက်ကိုင်အုပ်စုများသည် ဆီးရီးယားနှင့် အီရတ်ရှိ အမေရိကန် စစ်ခြေစိုက်စခန်းများကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများစွာကို ပြုလုပ်ခဲ့သည်။ ယင်းကဲ့သို့ အမေရိကန်အခြေစိုက်စခန်းများ တိုက်ခိုက်ခံရခြင်းကြောင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် နိုဝင်ဘာ ၅ ရက်တွင် အီရတ်နိုင်ငံသို့ လာရောက်ခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၏ အရှေ့အလယ်ပိုင်းခရီးစဉ်တွင် အစ္စရေး၊ ဂျော်ဒန်နှင့် ပါလက်စတိုင်းတို့သို့ သွားရောက်ခဲ့သည်။ အီရတ်နိုင်ငံသို့ လာရောက်သည့်ခရီးစဉ်တွင် အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီယာ အယ်–ဆူဒါနီနှင့် တွေ့ဆုံကာ ဂါဇာအရေး ဆွေးနွေးရန် ရည်ရွယ်ခဲ့သည်။

## ထိပ်တိုက်ရင်ဆိုင်မှုကိုမလိုလား

၎င်းတို့တွေ့ဆုံမှုအပြီးတွင် အီရန်နိုင်ငံနှင့် မည်သည့်ထိပ်တိုက် ရင်ဆိုင်မှုမျိုးကိုမဆို အမေရိကန်က မလိုလားကြောင်း ဘလင်ကန်က သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။ ထို့ပြင် ဂါဇာကမ်းမြောင်ဒေသသို့ ပဋိပက္ခများ မပြန့်ပွားစေရေး ကြိုးပမ်းသွားမည်ဟုလည်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကိုခြိမ်းခြောက်နေသူများထံလည်း ရှင်းရှင်းလင်းလင်း သတင်းစကား ပေးပို့ထားကြောင်း ၎င်းက ဆက်ပြောသည်။

## အကျဉ်းအကျပ်ထဲရောက်ရှိ

တစ်ဖက်တွင်လည်း အီရတ်ဝန်ကြီးချုပ် ဆူဒါနီသည် အီရတ်နိုင်ငံအတွင်း အမျိုးမျိုးသော အဖွဲ့အစည်းများ၏ တောင်းဆိုမှုအတိုင်း လုပ်ဆောင်ပေးရန် ကျဉ်းမြောင်းသည့် ရွေးချယ်မှုနှင့် ကြုံတွေ့နေရသည်။ လက်နက်ကိုင်အုပ်စုများမှာ အင်အားကောင်းပြီး နိုင်ငံအတွင်း လုံခြုံရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုများကို ခြိမ်းခြောက်နိုင်သည့်အတွက်လည်း ယင်းသို့ အကျဉ်းအကျပ်ထဲ ရောက်ရှိနေခြင်းဖြစ်သည်။ အမေရိကန်နှင့် လက်နက်ကိုင်အုပ်စုများအကြား မည်သည့်ဘက်မှ မသာလွန်ဘဲ ဟန်ချက်ညီညီ နေထိုင်နိုင်ရေး ထိန်းသိမ်းထားရမည်ကို အီရတ်ဝန်ကြီးချုပ် အယ်ဆူဒါနီက ကောင်းကောင်း သဘောပေါက်သည်ဟု အီရတ်နိုင်ငံရေးကျွမ်းကျင်သူ နက်ဒန်ဟင်အလီ က ပြောသည်။

## တရားဝင်ဖိတ်ခေါ်ထားသူများဖြစ်

အီရတ်နိုင်ငံတွင် အမေရိကန် ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အုပ်စုများက ဆက်လက်တိုက်ခိုက်မှုများ ပြုလုပ်နေသည့်အတွက် အဆိုပါ တိုက်ခိုက်မှုများကို ပယ်ချကြောင်း အောက်တိုဘာ ၂၃ ရက်တွင် အယ်ဆူဒါနီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မဟာမိတ်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးရန်နှင့် အကြံပေးမှုများ ပြုလုပ်ရန်အတွက် အီရတ်အစိုးရမှ တရားဝင်ဖိတ်ခေါ်ထားသူများဖြစ်သည်ဟု ပြောကြားခဲ့သည်။

## စီးပွားရေးကိုခြိမ်းခြောက်လာနိုင်

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် လက်နက်ကိုင်အုပ်စုများက အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေမှုများကြောင့် အီရတ်နိုင်ငံ၏ စီးပွားရေးကို ခြိမ်းခြောက်လာနိုင်သည်။ ၁၉၉၀ ပြည့်နှစ် အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံကို ကျူးကျော်ခဲ့ပြီးနောက် ကုလသမဂ္ဂမှ ပိတ်ဆို့မှုများပြုလုပ်ခဲ့ပြီး ထိုအချိန်မှ စတင်ကာ နိုင်ငံ၏ရေနံမှရရှိသည့် အခွန်ငွေများကို အမေရိကန် ဗဟိုဘဏ်ရှိ အကောင့်သို့ ပေးသွင်းရသည်။ အမေရိကန်ဗဟိုဘဏ်မှ အီရတ် ရေနံအခွန်ငွေများကို ထိန်းချုပ်ထားပြီး အီရတ်ဗဟိုဘဏ်သို့ လွှဲပြောင်းပေးရသည်ဟု အလီက ပြောသည်။

## ကသိကအောက်ဖြစ်နေရ

လက်နက်ကိုင်အုပ်စုများက အမေရိကန် အခြေစိုက်စခန်းများကို တိုက်ခိုက်နေခြင်းကြောင့် အီရတ်အနေအထားမှာ ကသိကအောက် ဖြစ်နေရသည်ဟု ဘဂ္ဂဒက်အခြေစိုက် တက္ကသိုလ်မှ ပါမောက္ခ မိုဟာမက် အယ်လ်ဂျူဘိုရီ က ပြောသည်။ လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုကြောင့် အီရတ်၏လုံခြုံရေးကို ထိခိုက်လာမည်ဟုလည်း ၎င်းက ဆက်ပြောသည်။ အထူးသဖြင့် အမေရိကန်အစိုးရက ၎င်းတို့လူများကို အကာအကွယ်ပေးရန် အီရတ်အစိုးရထံ တောင်းဆိုထားပြီး နောက်ပိုင်းတွင် အမေရိကန်၏ တောင်းဆိုမှုအတိုင်း ပြုလုပ်မည်ဟု ကတိပြုထားသည့်အတွက် ဖြစ်သည်။ လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်တုံ့ပြန်တိုက်ခိုက်မှုများနှင့် ကြုံတွေ့လာနိုင်သည့်အတွက် လုံခြုံရေးကိုမတည်မငြိမ်ဖြစ်စေသည်ဟု ၎င်းက ဆက်ပြောသည်။

လတ်တလောတွင်မူ အီရတ်အစိုးရအဖွဲ့သည် ပဋိပက္ခများ အဆုံးသတ်စေရေး သံတမန်ရေးရာ ကြိုးပမ်းအားထုတ်မှုများတွင်သာ အာရုံစိုက်လျက်ရှိသည်။

ကိုးကား – ဆင်ဟွာ

## မျိုးသုဉ်းအန္တရာယ်လက်တစ်ကမ်းအလိုမှ မြန်မာ့ဒေသရင်း

သီဟစည်သူ

# လေးကွက်လိပ်(ခေါ်) ဒေါင်းမြီးကွက်လိပ်

# မျိုးစိတ်တို့၏ ကံကြမ္မာ


မြန်မာ့ဒေသမျိုးရင်း လေးကွက်လိပ်ပေါက်ကလေးများ

**သဘာဝအတွင်း လုံးဝမျိုးသုဉ်းပျောက်ကွယ်သွားပြီဟုပင် ယူဆခဲ့သည့် မြန်မာ့ဒေသရင်း အဖိုးတန်ဇီဝ မျိုးစိတ်တစ်ခုဖြစ်သည့် လေးကွက်လိပ်ခေါ် ဒေါင်းမြီးကွက်လိပ်များကို အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (FFI)နှင့် ဒေသခံများ ပူးပေါင်းကာ မျိုးသုဉ်းမည့် အန္တရာယ်လက်တစ်ကမ်း အလိုမှ ကယ်တင်နိုင်ပြီဖြစ်ကြောင်း အဆိုပါ လိပ်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေသူ ဦးရဲနန္ဒာအောင်က ပြောသည်။**

**အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (FFI)** သည် ဒေသခံများ အကူအညီဖြင့် မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု ယူဆခဲ့ကြသည့် မြန်မာ့ဒေသရင်း လေးကွက်လိပ်ခေါ် ဒေါင်းမြီးကွက်လိပ် ဥကျင်းငါးခုနှင့် လိပ်အကောင်ပေါက် ၁၅ ကောင်ကို မြန်မာနှင့်အာရှဒေသ၏ အကြီးဆုံး ကုန်းတွင်းရေချိုအိုင်ဖြစ်သည့် အင်းတော်ကြီးကန် သဘာဝဘေးမဲ့တောဧရိယာ၌ ပထမဆုံးအကြိမ် ပြန်လည်တွေ့ရှိခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် နှစ်လယ်ခန့်မှစ၍ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့တွေ့ရှိခဲ့ခြင်းသည် လေးကွက်လိပ် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွက် အလွန်အရေးပါပြီး လေးကွက်လိပ်(ခေါ်) ဒေါင်းမြီးကွက်လိပ်မျိုးဆက်များ အကောင်ရေပေါများလာစေရန်အတွက် အထောက်အပံ့ကောင်းများ ဖြစ်ထွန်းလာခြင်းပင်ဖြစ်သည်။


လေးကွက်လိပ်ဥများ။

### မြန်မာ့ဒေသရင်း လိပ်မျိုးစိတ်

ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်ပေါင်း ၃၀၀ ခန့် ပေါက်ပွားရှင်သန်နေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ပင်လယ်လိပ်ငါးမျိုး၊ ကုန်းနှင့်ရေလိပ် ၂၆ မျိုး စုစုပေါင်း ၃၁ မျိုး နေထိုင်ကျက်စားလျက်ရှိသည်။ အဆိုပါ မျိုးစိတ်များအနက် လေးကွက်လိပ်(ခေါ်) ဒေါင်းမြီးကွက်လိပ်(Burmese Peacock Softshell Turtle)၊ သိပ္ပံအမည် – Nilssonia Formosa သည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိပေါက်ပွားသော မြန်မာ့ဒေသရင်း လိပ်မျိုးစိတ်ဖြစ်ပြီး သဘာဝအတွင်း အကောင်ရေအလွန်အမင်း လျော့နည်းနေသောကြောင့် အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များထိန်းသိမ်းရေးအဖွဲ့ (IUCN)၏ အနီရောင်(Red List) စာရင်းဝင် မျိုးသုဉ်းလုနီးပါးအခြေအနေရှိသည့် သတ္တဝါ (Critically Endangered–CR) အဖြစ် သတ်မှတ်ထားသည်။ လေးကွက်လိပ်များသည် ရေချိုဂေဟစနစ်အတွင်းရှိ တိရစ္ဆာန်အသေကောင်များ၊ အညစ်အကြေးများကို စားသုံးပေးသည့်အတွက် ရေချိုဂေဟစနစ်များ ပိုမိုကောင်းမွန်သန့်ရှင်း အထောက်အပံ့ပေးနိုင်သည့် သန့်ရှင်းရေး သတ္တဝါများဖြစ်ပြီး ငါး၊ ပုစွန်အပါအဝင် အခြားသော ရေသတ္တဝါများ ရှင်သန်စေရေးအတွက် အခွင့်အရေး ပိုမိုကောင်းမွန်စေသည့်အတွက် ငါးသယံဇာတပေါများမှု၏ ညွှန်ကိန်းပြသတ္တဝါလည်း ဖြစ်သည်။

လေးကွက်လိပ်များသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်ဘေးများရှိ သဲသောင်ပြင်၊ ရွံ့ပျော့၊ နုန်းဆန်သည့် နေရာများတွင် ဥချလေ့ရှိပြီး မိုးဦးကျတွင် အကောင်ပေါက်လေ့ရှိသည်။ ယခင်က ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း နေထိုင်ကျက်စားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။

### လေးကွက်လိပ် ထိန်းသိမ်းရေး

လက်ရှိအချိန်တွင် အင်းတော်ကြီးအိုင် သဘာဝတောဧရိယာရှိ မနခေါ်ကျေးရွာ နန့်ပလန်းချောင်း အပြင် ဧရာဝတီမြစ်တစ်လျှောက်ရှိ မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးဒေသရှိ ကိုးလုံး၊ သဖန်းကုန်း၊ ကြအိုး၊ မြို့လုကျေးရွာအုပ်စု၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် လက်ပံကျွန်းနှင့် စလေကျေးရွာအုပ်စုများတွင် ဒေသခံများ ပူးပေါင်းပါဝင်သည့် လေးကွက်လိပ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"လက်ရှိ ကျွန်တော်တို့နိုင်ငံမှ ပထမဆုံးအကြိမ် သုတေသနစပြီး လုပ်ရတာဆိုတော့ တစ်နိုင်ငံလုံးမှာ အကောင်ရေဘယ်လောက်ကျန်သေးတယ်ဆိုတာ ခန့်မှန်းလို့တော့မရသေးဘူး၊ ပထမတော့ ဒေသခံတွေကိုယ်တိုင်ကတောင် လုံးဝမျိုးသုဉ်းသွားပြီ မရှိတော့ဘူးလို့ထင်တာ။ ဒါပေမယ့် ကံကောင်းထောက်မစွာနဲ့ အင်းတော်ကြီးကန်ဒေသမှာ စပြီးတွေ့လိုက်တော့ တစ်ကမ္ဘာလုံးမှာလည်း ဒီသတင်းဟာ တော်တော်လေးစိတ်ဝင်စားတဲ့ အကြောင်းအရာလည်း ဖြစ်သွားပါတယ်" ဟု ဦးရဲနန္ဒာအောင်က ပြောသည်။

### မျိုးသုဉ်းလုနီးပါးအထိ ခြိမ်းခြောက်ခံရ

လေးကွက်လိပ်များ မျိုးသုဉ်းအန္တရာယ်ကျရောက်ရသည့် အဓိက အကြောင်းအရင်းများအနက် မြေယာအသုံးချမှုများ များပြားလာခြင်း၊ မြေယာချဲ့ထွင်ခြင်းနှင့် ကမ်းပါးပြိုခြင်းများကြောင့် ၎င်းတို့ နေရင်းဒေသများ တဖြည်းဖြည်း ယိုယွင်းပျောက်ဆုံးလာခြင်း၊ လိပ်ဥ၊ လိပ်သားစားသုံးရန်အတွက် ဖမ်းဆီးခံရခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကြောင့် သေဆုံးရခြင်း၊ ငါးဖမ်းပိုက်များဖြင့် မတော်တဆဖမ်းဆီးခံရခြင်း၊ ပြည်ပသို့ တရားမဝင် ဖမ်းဆီးရောင်းချခံရခြင်း စသည့် အချက်များကြောင့်ပင် မျိုးသုဉ်းလုနီးပါးအထိ ခြိမ်းခြောက်ခံလာရခြင်းဖြစ်သည်။

ယခုအချိန်တွင် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (မြန်မာ)၏ ဦးဆောင်မှုဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ငါး၊ လိပ်နှင့် မြန်မာ့ရေချိုသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုများ၏ အကျိုးရလဒ်အဖြစ် ဒေသခံများကိုယ်တိုင် လိပ်ဥ၊ လိပ်ကျင်းများကို တန်ဖိုးထား ရှာဖွေထိန်းသိမ်းတတ်လာကြပြီ ဖြစ်သည်။

ရေချိုဂေဟစနစ်သည် ကမ္ဘာပေါ်ရှိ လူသားအားလုံး၏ ရှင်သန်ရပ်တည်နိုင်ရေးအတွက် များစွာအရေးပါသည်။ ထို့အတူ ရေချိုဂေဟစနစ်ကို မှီခိုနေရသည့် ဇီဝမျိုးစုံမျိုးကွဲများစွာတည်ရှိနေပြီး လေ့လာမှုများအရ ရေချိုတွင် ရှင်သန်ကျက်စားသော မျိုးစိတ်ပေါင်း အနည်းဆုံး ၁၄၀၀၀၀ ခန့်ရှိကြောင်း မှတ်တမ်းတင်ထားသည်။ ကမ္ဘာပေါ်ရှိ လူသားများစွာသည် ငါး၊ ပုစွန်အပါအဝင် အဆိုပါ ရေချိုဂေဟစနစ်တွင် ရှင်သန်ကျက်စားနေကြသည့် သတ္တဝါများကို မှီခို၍ နေ့စဉ်ဝင်ငွေရှာဖွေပြီး ဘဝရှင်သန်ရပ်တည်နေကြရသည်။


ကချင်ပြည်နယ် အင်းတော်ကြီးဒေသ မနခေါ်ကျေးရွာ နန့်ပလန်းချောင်းအနီး မြန်မာ့ လေးကွက်လိပ်နှင့် လိပ်ဥကျင်းနေရာများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်စဉ်။

**လေးကွက်လိပ်များ မျိုးသုဉ်းအန္တရာယ် ကျရောက်ရသည့် အဓိကအကြောင်းအရင်းများအနက် မြေယာအသုံးချမှုများ များပြားလာခြင်း၊ မြေယာချဲ့ထွင်ခြင်းနှင့် ကမ်းပါးပြိုခြင်းများကြောင့် ၎င်းတို့နေရင်းဒေသများ တဖြည်းဖြည်း ယိုယွင်းပျောက်ဆုံးလာခြင်း၊ လိပ်ဥ၊ လိပ်သား စားသုံးရန်အတွက် ဖမ်းဆီးခံရခြင်း၊ စိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကြောင့် သေဆုံးရခြင်း. . .**

အဆိုပါရေချိုဂေဟစနစ်များသည် အကန့်အသတ်ဖြင့်သာတည်ရှိနေပြီး လူသားများ၏ ဆင်ခြင်မဲ့စွာ အသုံးချမှုများကြောင့် နေ့စဉ် ယိုယွင်းပျက်စီးလျက်ရှိရာ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

ရေချိုဂေဟစနစ်များ စဉ်ဆက်မပြတ် ပေါကြွယ်ဝရေးသည် အဆိုပါ ဂေဟစနစ်အပေါ် မှီခိုနေရသည့် လူသားများအတွက် အဓိကကျသော အခြေခံအချက်တစ်ခုဖြစ်ပြီး အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် ဂေဟရပ်ဝန်းနှင့် ဆက်စပ်သည့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်ပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်လှသည်။

**ကိုးကား – Fauna & Flora International – Myanmar Programme**

## ဘားအံမြို့နယ် အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

ဘားအံ နိုဝင်ဘာ ၁၂

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက နိုဝင်ဘာ ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်ဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အင်းလင်းကျေးရွာ၌ ရေရရှိရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျားငါးပေ၊ အနံငါးပေ၊ အမြင့်ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၂၆၄ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက ယခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အင်းလင်းကျေးရွာရှိ ပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ဆက်လု

## မြောက်ဦးမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

မြောက်ဦး နိုဝင်ဘာ ၁၂

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ မိုးစပါးတစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ နန်းကျားကျေးရွာ ကွင်းအမှတ် (၉၅၂-ဃ)ဦးပိုင်(၁၅၇/၁)ရှိ တောင်သူတစ်ဦး၏ လယ်မြေ၌ စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်သည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်အေးလှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပိုင်ထက်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးလွင်ဖြိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး နံ့ကောက်စပါး အမျိုးအစား စိုက်ခင်း၌ ဝ ဒသမ ၁ ဧက စံကွက်ရိတ်သိမ်းမှုတွင် တစ်ဧက အထွက်နှုန်း စပါးအစို ၁၂၅ တင်း၊ အခြောက် ၁၁၂ ဒသမ ၅ တင်းထွက်ရှိကြောင်းနှင့် မြို့နယ်၏ မိုးစပါးအထွက်နှုန်း ပိုမိုတိုးတက်လာစေရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး၊ စိုက်စနစ်မှန်ကန်စေရေးနှင့် အပင်ပြုစုခြင်းဆိုင်ရာ နည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြင့်စိုး(ပြန်/ဆက်)

## ကျောက်တော်မြို့နယ်၌ ဝက်သားပေါက်များအား ကာကွယ်ဆေးထိုးနှံပေး

ကျောက်တော် နိုဝင်ဘာ ၁၂

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစီမံကိန်း(RBF)ရန်ပုံငွေဖြင့် အောက်ဂါပုကျေးရွာ၌ မွေးမြူထားသည့် နှစ်လအရွယ် ဒေသဝက်အမျိုးအစား ဝက်သားပေါက်ကောင်ရေ ၂၃၀ ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတို့နှင့် ပူးပေါင်း၍ ကာကွယ်ဆေးများ နိုဝင်ဘာ ၁၀ ရက်က ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ခိုင်ဇော် (လက်ထောက်ညွှန်ကြားရေးမှူးနည်းပညာ)က မွေးမြူထားသော ဝက်သားပေါက်များအား ကူးစက်ရောဂါများ ကာကွယ်ပေးနိုင်ရန် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း ပြောသည်။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစီမံကိန်းမှာ မွေးမြူရေးလုပ်ငန်းများအား အစုအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်လာစေရန် အပါအဝင် မိသားစုဝင်ငွေများ တိုးပွားလာစေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

ကြေညာချက်

နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၃ အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်)သင်တန်းများကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၉-၁၁-၂၀၂၃)ရက်နေ့၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website ဖြစ်သည့် https://ucmt.edu.mm တို့တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး ပြင်ပဗဟုသုတများ စုံလင်စွာရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများ ရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်းပြီး မြို့နယ်အသီးသီး၌ ကျင်းပပေးလျက်ရှိသည်။



**ပိုင်ကျုံ**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ (မူလွန်)တနင်းဖလုံကျောင်း၌ ကျောင်းသားလူငယ်များ စည်းကမ်းပြည့်ဝပြီး စိတ်ဓာတ်စွမ်းရည်မြင့်တင်စေရေးနှင့် အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၀ ရက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်ကွင်းဆင်း ဆောင်ရွက်သည်။

ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နော်ခူးခူးက ပလက်စတစ်၏ဆိုးကျိုးများ၊ ပလက်စတစ်သုံးစွဲမှုလျှော့ချရေးဆိုင်ရာနည်းလမ်းများနှင့် နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်သာယာလှပရေးအတွက် လူငယ်များ စည်းကမ်းရှိပြီး လူတော်လူကောင်းဖြစ်ရန် မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ရှားရန် လိုအပ်သည့်အကြောင်းများကို ဆွေးနွေးပြောကြားပြီး ပလက်စတစ်သုံးစွဲမှု လျှော့ချရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသားလူငယ်များအား ပြသခဲ့သည်။

နော်ခူး(ပြန်/ဆက်)

**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနရုံး၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပရာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဆိုသည့်အတိုင်း ဆေးလိပ်များ မသောက်ကြရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏အကြောင်းရင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကို ဟောပြောသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ ထုံနာကျင်နာ၊ အကြောသေရောဂါ၊ ဝက်ရူးပြန်ရောဂါများနှင့် ခန္ဓာကိုယ်တွင်းအနာရောဂါပေါက်ခြင်းများ ဖြစ်တတ်သည့်အတွက် မူးယစ်ဆေးဝါးများကို မသုံးစွဲကြရန် အသိပညာပေးဟောပြောခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း သုတ/ရသစာအုပ်များနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

သက်မောင်



**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပြပွဲများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်တွင် မရွေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် သနပ်ကန်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မရွေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်သည့် လူငယ်ရေးရာဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးခက်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ထွေးထွေးစိန်က လူငယ်ရေးရာများ၊ ရုပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေးက စာဖတ်ခြင်းအကျိုးကျေးဇူးများကို ဆွေးနွေးသည်။ ထို့နောက် အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများကိုပြသပြီး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကာ မွန်းလွဲပိုင်းတွင်လည်း သနပ်ကန်ကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဟောပြောပွဲနှင့် အသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မှျင်ငါးပိဈေးကောင်းရရှိ၍ ဖောင်ဦးစီးနှင့်ရေလုပ်သားများ ယမန်နှစ်ထက် စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်း

**ရန်ကုန် နိုဝင်ဘာ ၁၂**

နာမည်ကြီးမှျင်ငါးပိထွက်ရှိရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ ကျေးရွာတို့တွင် ဒေသအခေါ်ငွေးကောင်ဟုခေါ်သော မှျင်ငါးပိကုန်ကြမ်းများကို ကမ်းနီးပင်လယ်ပြင်တို့၌ ပိုက်တန်းများဖြင့် အောက်တိုဘာ ၂၅ ရက်မှစ၍ ဖမ်းဆီးကြလျက်ရှိရာ မှျင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀ ဈေးရရှိသည့်အတွက် ယမန်နှစ်ထက် ဈေးကောင်းရရှိမှုကြောင့် ဖောင်ဦးစီးများနှင့်ရေလုပ်သားများ စီးပွားရေး အခွင့်အလမ်းပွင့်လန်းလျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာ၌ မြန်မာနိုင်ငံမှ ရေချို၊ ရေငန်ထွက်ကုန်များကို ပြည်ပသို့တင်ပို့လျက် ရှိသည့်အပြင် ပြည်တွင်းစားသုံးမှု ဖူလုံစွာ ထုတ်လုပ်လျက်ရှိရာ ဒေသအလိုက် ရေထွက်ကုန်များ နာမည်ရလျက်ရှိ၍ မြိတ်ခရိုင် ကျွန်းစုမြို့နယ်မှ ထွက်ရှိသော မှျင်ငါးပိနှင့်ပုစွန်ခြောက်မှာ နာမည်ကြီးလျက်ရှိသည်။

"ဒီနှစ်မှာ မနှစ်ကထက် မှျင်ငါးပိပိုပြီး ထုတ်လုပ်နိုင်ကြတယ်။ ပိုက်တစ်ဖုံကို ငွေးကောင်အချိန် ၁၀၀ ကနေ ၁၅၀ အထိရကြတဲ့အတွက် ရန်ကုန်မြို့ကို မှျင်ငါးပိပိုပြီးတင်ပို့နိုင်ကြတယ်။ ဒီရေအတက်အကျမှာ ဖမ်းရတာဖြစ်တဲ့အတွက် တစ်ကြိမ်ဖမ်းရင် ၁၀ ရက်ကြာပြီး လေးရက်နား၊ ဆက်ပြီးလုပ်ငန်းဝင်ကြတယ်။ ဖောင်ဦးစီးနဲ့လုပ်သား ၁၀၀ ကျော်ရှိတဲ့အတွက် ကျွန်းစုမြို့နယ်ဟာ ငွေးကောင်အများဆုံး ဖမ်းဆီးတဲ့ဒေသဖြစ်သလို နာမည်ကြီးမှျင်ငါးပိ ထွက်ရှိရာနေရာလည်းဖြစ်ပါတယ်။ ဒီနှစ်ရန်ကုန်ဘုရင့်နောင်ပွဲရုံမှာ မှျင်ငါးပိတစ်ပိဿာငွေကျပ် ၅၉၀၀ ဈေးရရှိတာကြောင့် အလုပ်အကိုင်နဲ့ စီးပွားရေးအဆင်ပြေကြတဲ့အတွက် အားလုံးဝမ်းသာနေကြပါတယ်"ဟု ကျွန်းစုမြို့နယ် ပန်းဇင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းလတ်ကပြောသည်။

ယမန်နှစ်ရာသီချိန်၌ မှျင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ဖြင့် အမြင့်ဆုံးဈေးရရှိခဲ့ပြီး အထိအမိနည်းခဲ့ကာ ယခုနှစ်ရာသီအစ၌အထိအမိကောင်းသည့်အပြင် ဈေးကောင်းရရှိသောကြောင့် ဖောင်ဦးစီးများနှင့် ရေလုပ်သားများ စီးပွားရေး အဆင်ပြေလျက်ရှိသည်။ ကမ်းနီးပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငွေးကောင်များကို ကမ်းခြေပြမ်းစင်များပေါ်၌ နံနက်ပိုင်းဆားဖြူး နေလှန်းကာ ညနေပိုင်းတွင် စက်ဖြင့်ကြိတ်၍ နောက်တစ်ရက် နေပြန်လှန်းပြီးနောက် ညနေပိုင်း၌ ထပ်မံကြိတ်ပြီးပါက မှျင်ငါးပိအဖြစ်ရရှိကြောင်း သိရသည်။ ငွေးကောင်ကို အောက်တိုဘာလမှ မေလအထိ ဖမ်းဆီးကြလေ့ရှိပြီး ကျွန်းစုမြို့နယ်ရှိ ပန်းဇင်ကျေးရွာမှ မှျင်ငါးပိမှာ သဘာဝအတိုင်း ထုတ်လုပ်သည့်အတွက် အရသာကောင်းမွန်ခြင်းနှင့် တာရှည်ခံခြင်းတို့ကြောင့် မြန်မာပြည်တွင် နာမည်ကြီးလျက်ရှိသည်။

မှျင်ငါးပိ ထုတ်လုပ်ချိန်ကာလအတွင်း ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ ကျွန်းစုမြို့နယ်၌ ပုစွန်များကို ဖမ်းဆီး၍ ရေဖြင့်ပြုတ်၊ အခြောက်လှန်းပြီးပါက သဘာဝပုစွန်ခြောက်အဖြစ် ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုလတွင် ပန်းဇင်ရွာ ပုစွန်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ဈေးရှိကြောင်း သိရသည်။ မြိတ်ကျွန်းစုရှိ ကျွန်းစုမြို့နယ်၌ မှျင်ငါးပိနှင့် ပုစွန်ခြောက်ထုတ်လုပ်သောကျေးရွာပေါင်း ၂၀ ကျော်ရှိပြီး ကမ်းနီးရေလုပ်ငန်းဖြင့် အသက်မွေးရာ၌ မှျင်ငါးပိထုတ်လုပ်သော ရာသီသည် ရေလုပ်သားတို့အတွက် စီးပွားရေးအခွင့်အလမ်းတစ်ခုဖြစ်ရာ ယခုနှစ်တွင် ပုစွန်ခြောက် ဈေးကောင်းရရှိနေသည့်အပြင် ယမန်နှစ်ထက် မှျင်ငါးပိဈေးကောင်းရရှိနေသောကြောင့် ဖောင်ဦးစီးနှင့် ရေလုပ်သားမိသားစုများ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ- ကနူး**



ပင်လယ်ပြင်တွင် ငွေးကောင်များ ဖမ်းဆီးနေစဉ်။



မှျင်ငါးပိပြုလုပ်ရန်အတွက် ငွေးကောင်များကို ဆားဖြူးပြီး နေလှန်းနေစဉ်။

# မိတ္ထီလာမြို့နယ်၌ တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်းဖွင့်

**မိတ္ထီလာ နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို နိုဝင်ဘာ ၁၁ ရက်က ဆည်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူးဦးဌေးဝင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ ဖွင့်လှစ်သင်ကြားပေးရာတွင်လည်း သင်တန်းသား ၁၅ ဦးဖြင့် သင်တန်းကာလ ပထမအကြိမ်တွင် ၁၅ ရက်ကြာမြင့်မည်ဖြစ်ပြီး ဒုတိယအကြိမ်အဖြစ် မွမ်းမံသင်တန်းကို ခုနစ်ရက်ကြာ ဆက်လက်သင်ကြားပို့ချမည်ဖြစ်ကြောင်း ပြောသည်။

သင်တန်းကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ရာ ငွေကျပ်သိန်း ၅၀ ကို သင်တန်းကာလအတွင်း အသုံးပြုသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ငွေကျပ်သိန်း ၅၀ ကို သင်တန်းသားများထဲမှ လုပ်ငန်းထူထောင်လိုသူ ငါးဦးအား စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းနှင့် ညီမျှသည့် လုပ်ငန်းသုံး စက်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**

**(မိတ္ထီလာ)**



# မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးအောင်မြင်

**မင်းဘူး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ယခုနှစ်အတွက် မိုးစပါးသီးနှံကို ၄၀၅၂၇ ဧက စိုက်ပျိုးထားရှိပြီး မနောသုခ ဧက ၁၄၀၅၀ ၊ ရောမင်း ၂၅၆၁၈ ဧက၊ ဆင်းသုခ ၈၁၃ ဧက၊ ရက် ၁၀၀ ခြောက်ဧက၊ ရတနာတိုးဧက ၂၀၊ GW11 ဧက ၂၀ ဖြစ်ပြီး စုစုပေါင်း ၄၀၅၂၇ ဧက စိုက်ပျိုးထားရှိကာ စိုက်ခင်းအားလုံး ပိုးမွှားကင်းစင်၍ သီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက် ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းမှ တောင်သူများ သီးနှံများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် မှန်ကန်စေရေး၊ နည်းစနစ်တကျ စိုက်ပျိုးတတ်စေရေး၊ သဘာဝ မြေဩဇာများ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများသုံးစွဲရာတွင် အချိုးညီညီ သုံးစွဲတတ်စေရေး၊ သီးနှံများ ပိုးမွှားကင်းစင်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မြို့နယ်အတွင်းမှ စိုက်ပျိုးရေး စင်တာများနှင့် ကျေးရွာများအရောက်ကွင်းဆင်း၍ ဟောပြောဆွေးနွေးပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**



# စလင်းမြို့နယ်၌ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပနိုင်ရေးဆွေးနွေး

**စလင်း နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၁၃ ခုနှစ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပတ္တမြားအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းနိုင်က အသင်းတစ်သင်းတွင် ပါဝင်ဖွဲ့စည်းရမည့် အားကစားသမားဦးရေ နည်းပြနှင့် အသင်းအုပ်ချုပ်သူများ၊ ပြိုင်ပွဲကာလမတိုင်ခင် မှတ်ပုံတင်နှင့် အသက်စစ်ဆေးခြင်းများ ပြုလုပ်ရေး၊ ပြိုင်ပွဲတစ်လျှောက် လုံခြုံရေး၊ ကျန်းမာရေး၊ နေရာချထားရေးကော်မတီအလိုက် လုပ်ဆောင်ကြရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအုပ်ချုပ်သူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူနည်းပြများက လုံခြုံရေးဆိုင်ရာလုပ်ငန်းများ၊ ဘေးအန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အားကစားသမားများ အသက်အရွယ် မှန်ကန်နိုင်ရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြကာ ပြိုင်ပွဲတွင် အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင် (စလင်း)**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

[illegible] တနင်္လာနေ့

MRTV

[illegible]

This Week's Special Interest

Economic Review

MRTV National News

mitv

07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:10 Travelogue: To the coastal region (Myeik - Kawthoung) (Part-1)
07:37 Myanmar Paper Toys
07:43 Wet Markets of Yangon: Thirimingalar Market
07:53 Millennia Pauk-Phaw Friendship (Thatbyinnyu Temple)
08:01 News
08:27 Global Updates; What does the bladder actually do
08:31 Sri Ksetra, Field of Fortune & Glory (Part-2)
08:51 Products of Myanmar - Products Of The Loom
09:01 Myanmar Avocado In The Global Market
09:28 Discovering Tribes: Enn (Their Life and Customs)
10:01 News
10:26 Topical Topics (No. 29) Wash Your Minds, To Be Honest In Society

MRTV

[illegible]

MRTV

[illegible] (LIVE)

MRTV National News

PR SYSTEM [illegible]

Economic Review [illegible]

MRTV

Sports Diary

MNL 2022 Match(Replay)

Seven Success Stories From Northeastern Thailand

A visit to Wambugu Apples farmer in Kilimambogo

MRTV Application

Education Channel

# နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားသုံးဆီများ ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ရောင်းချပေး



နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်သူများ အရည်အသွေးမီ စားသုံးဆီများ ဈေးနှုန်းချိုသာ မှန်ကန်စွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားသုံးဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် လာရောက်ရောင်းချပေးသည်။

အဆိုပါ စားသုံးဆီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှု၊ စားသုံးသူရေးရာဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယနေ့တွင် MRTV မှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအတွက် စားသုံးဆီ ပိဿာ ၁၃၀၀ ရောင်းချပေးခဲ့ကြောင်းနှင့် အခြားဝန်ကြီးဌာနများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများအတွက်လည်း စီစဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်များက ငါးမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူး

ပဲခူး နိုဝင်ဘာ ၁၂

ရေထွက်ကုန် ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူ စားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ကေတုမတီ ငါးကုန်ထုတ် သမဝါယမအသင်းလီမိတက်နှင့် သဲကုန်းမြို့နယ်ရှိ ချမ်းမြေ့ငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်တို့သည် အသင်းပိုင်ငါးကန်များ၌ ငါးမျိုးစုံ မွေးမြူထားရှိပြီး ၎င်းငါးကန်များမှ ဖော်ထုတ်ရရှိသည့် ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်နှင့် ငါးကြင်းစုစုပေါင်း ငါးမျိုးစုံပိဿာချိန် ၉၇၂၉ ကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကား ရောင်းချပေးခဲ့သည်။ အဆိုပါ ငါးကန်များမှ ငါးမျိုးစုံ ၁၂၀၆၃၄ ပိဿာကို ဖော်ထုတ်၍ စားသုံးသူပြည်သူများအား ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၂၁ | ၁၀၆၄၈၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၃၅ | ၁၀၃၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၂၂၆ | ၃၆၁၆၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| EFR | ၂၀၅၀ | ၂၀၅၀ | ၅ | ၁၀၂၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၁၆၆ | ၂၉၁၄၀၀ |

ညီညီ - စုစည်းသည်

# ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့အထိ တင်ပို့နေရသည့် တာချီလိတ်မြို့မှ Honey ကျန်းမာခြင်းနှင့် အလှအပထုတ်ကုန်များ

တွေ့ဆုံမေးမြန်း - သန်းဇော်

ဓာတ်ပုံ- ကျော်ဇေယျာလင်း

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စား၊ အငယ်စားစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းအရေအတွက်မှာ ၅၄ ခုရှိပြီး လူသုံးကုန်ထုတ်လုပ်သည့် စွန့်ဦးတီထွင်လုပ်ငန်း လေးခု ပါဝင်ကြောင်း သိရသည်။ အဆိုပါ စွန့်ဦးတီထွင်လုပ်ငန်းများအနက်မှ တာချီလိတ်မြို့နယ် ပါလျှံ(၃)ရပ်ကွက်ရှိ Honey ကျန်းမာခြင်းနှင့် အလှအပဆိုင်ရာ လူသုံးကုန်ထုတ်လုပ်ငန်းရှင် တစ်ဦးဖြစ်သည့် မနွယ်နွယ်ထွန်းနှင့် တွေ့ဆုံမေးမြန်းမှုကို ရေးသား တင်ပြလိုက်ရပါသည်။



မျက်နှာသစ်ဆပ်ပြာကို ကိုယ်တိုင်ထုတ်လုပ်ပြသနေသည့် မနွယ်နွယ်ထွန်းကို တွေ့ရစဉ်။

**မေး။ ။ လုပ်ငန်းစတင်ဆောင်ရွက်ဖြစ်ပုံကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ အလှပြုပြင်ရေးလုပ်ငန်းကို သူများဆိုင်မှာ လေ့လာသင်ယူတဲ့ကာလ သုံးနှစ်နဲ့ ကိုယ်တိုင်ဆိုင်ဖွင့် လုပ်ကိုင်တဲ့ကာလ ကိုးနှစ်ကျော် အတွေ့အကြုံတွေအရ မျက်နှာအသားအရေ သန့်ရှင်းလှပဖို့နဲ့ ဆံသားအတွက် အာဟာရဖြစ်စေတဲ့ ပစ္စည်းတွေကို သိလာတယ်၊ ပြီးတော့ ပြည်ပကနေဝင်လာတဲ့ပစ္စည်းတွေကို အသုံးပြုရတဲ့အခါ ကုန်ကျစရိတ် ကြီးမားတဲ့အတွက် ပြည်တွင်းမှာရှိတဲ့ သဘာဝပစ္စည်းတွေကို အခြေခံပြီး အရည်အသွေးပြည့်မီတဲ့ ပစ္စည်းတွေကို ကိုယ်တိုင်ထုတ်လုပ်ချင်တဲ့စိတ် ဖြစ်လာတဲ့အတွက် လေ့လာသင်ယူပြီး လုပ်ငန်းစတင် ဆောင်ရွက်ဖြစ်ခဲ့တာပါ။

**မေး။ ။ ဘယ်လိုကုန်ကြမ်းပစ္စည်းတွေကို အသုံးပြုပြီး ဘယ်လိုပစ္စည်းအမျိုးအစားတွေကို ထုတ်လုပ်တယ်ဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ အခုလက်ရှိ Honey မျက်နှာသစ်ဆပ်ပြာရယ်၊ Honey တစ်မိနစ်ဆံပင်ပေါင်းဆေးရယ် နှစ်မျိုးထုတ်လုပ်ပါတယ်။ မျက်နှာသစ်ဆပ်ပြာကိုတော့ သဘာဝဆေးဖက်ဝင်ပစ္စည်းတွေဖြစ်တဲ့ ရှားစောင်းလက်ပပ်၊ သံလွင်ဆီ၊ ပျားရည်တို့ကို အခြေခံပြီး ထုတ်လုပ်ထားတာပါ၊ ဆံပင်ပေါင်းဆေးကိုတော့ သံလွင်ဆီနဲ့ ဆံသားအတွက် အာဟာရဖြစ်စေတဲ့ ပြည်တွင်းထုတ် အဆီတွေကို ပြည်ပကလာတဲ့ ကုန်ကြမ်းတွေနဲ့ အချိုးကျပြန်လည် ပေါင်းစပ်ထုတ်လုပ်ထားတာဖြစ်ပါတယ်။

**မေး။ ။ လက်ရှိ ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချနေမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု အခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ အခုလို မျက်နှာသစ်ဆပ်ပြာနဲ့ ဆံပင်ပေါင်းဆေးတွေကို ကိုယ်တိုင်ထုတ်လုပ်နိုင်တဲ့အတွက် တာချီလိတ်မြို့အပြင် တောင်ကြီး၊ လားရှိုး၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နေပြည်တော်၊ ပူတာအို စတဲ့မြို့နယ်တော်တော်များများက လက်ခွဲကိုယ်စားလှယ်တွေကို အရင်းအနှီးနည်းနည်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ပြည်ပကို တင်ပို့နေမှုအခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ထိုင်း၊ စင်ကာပူနဲ့ မလေးရှားနိုင်ငံတွေကို တင်ပို့နေပါတယ်။ ထိုင်းနိုင်ငံကိုတော့ အဓိကပို့ပါတယ်။

**မေး။ ။ Honey က ထုတ်လုပ်တဲ့ပစ္စည်းတွေကို အသုံးပြုခြင်းအားဖြင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ Honey မျက်နှာသစ်ဆပ်ပြာကို သဘာဝဆေးဖက်ဝင်ပစ္စည်းတွေနဲ့ ထုတ်လုပ်ထားတဲ့အပြင် ရွှေလည်းပါဝင်တာကြောင့် မျက်နှာနဲ့အသားအရေ သန့်ရှင်းကောင်းမွန်မှုကို များစွာအကျိုးကျေးဇူးရှိသလို ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်။ Honey တစ်မိနစ်ဆံပင်ပေါင်းကို ပြည်တွင်းက ဆံသားကို အာဟာရဖြစ်စေတဲ့ အဆီတွေ နဲ့ ပြည်ပကကုန်ကြမ်းကို အခြေခံထုတ်လုပ်ထားတာကြောင့် ဈေးနှုန်းလည်း သင့်တင့်သလို ဆံသားပျက်စီးမှု၊ ဆံသားကျိုးကြေမှု၊ ဆံသားပွခြင်းနဲ့ ဆံသားမွဲခြောက်ခြင်းတွေကို ကာကွယ်ပေးပါတယ်။ ဒီပစ္စည်းတွေက ဓာတ်ခွဲခန်းအဖြေလည်း အောင်မြင်ပြီးသားဖြစ်တဲ့အတွက် သုံးစွဲသူတွေအနေနဲ့ ယုံကြည်စိတ်ချစွာ သုံးစွဲလို့ရပါတယ်။

**မေး။ ။ လက်ရှိ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ အခြေအနေတွေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ အခုချိန်မှာ နိုင်ငံတော်က MSME လုပ်ငန်းတွေကို အားပေးမြှင့်တင် ဆောင်ရွက်ပေးတဲ့အတွက်ရော ကျွန်မတို့လို လုပ်ငန်းထူထောင်သူတွေကို စားသုံးသူရေးရာဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ကလည်း အစစ အရာရာ ကူညီပေးတဲ့အတွက်ပါ အဆင်ပြေပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

**မေး။ ။ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ဖို့ အစီအစဉ်တွေရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ လက်ရှိထုတ်ကုန်နှစ်မျိုးအပြင် အောင်မဲညိုကို အခြေခံပြီး ခေါင်းလျှော်ရည် ဆက်လက်ထုတ်လုပ်ဖို့ ရှိပါတယ်။ ကျွန်မတို့လို လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူတွေကို သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ကျွန်မတို့ သိထားတတ်ထားတာတွေကို ဆက်လက်ဖြန့်ဝေပေးသွားဖို့ရှိပါတယ်။ အခုချိန်မှာ နိုင်ငံတော်ကလည်း MSME လုပ်ငန်းတွေကို အားပေးနေသလို သက်ဆိုင်ရာဌာနတွေကလည်း ကူညီပေးနေတဲ့အတွက် လုပ်ငန်းထူထောင် လုပ်ကိုင်လိုသူတွေအနေနဲ့ စတင်လုပ်ကိုင်လို့ အကောင်းဆုံးအချိန်ဖြစ်ပါတယ်။

> “ Honey မျက်နှာသစ်ဆပ်ပြာကို သဘာဝဆေးဖက်ဝင်ပစ္စည်းတွေနဲ့ ထုတ်လုပ်ထားတဲ့အပြင် ရွှေလည်းပါဝင်တာကြောင့် မျက်နှာနဲ့ အသားအရေ သန့်ရှင်းကောင်းမွန်မှုကို များစွာအကျိုးကျေးဇူးရှိသလို ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်။ Honey တစ်မိနစ်ဆံပင်ပေါင်းကို ပြည်တွင်းက ဆံသားကို အာဟာရဖြစ်စေတဲ့ အဆီတွေနဲ့ ပြည်ပကကုန်ကြမ်းကို အခြေခံ ထုတ်လုပ်ထားတာကြောင့် ဈေးနှုန်းလည်း သင့်တင့်သလို ဆံသားပျက်စီးမှု၊ ဆံသားကျိုးကြေမှု၊ ဆံသားပွခြင်းနဲ့ ဆံသားမွဲခြောက်ခြင်းတွေကို ကာကွယ်ပေးပါတယ် ”

တာချီလိတ်မြို့နယ်ရှိ အသေးစား၊ အလတ်စား၊ အငယ်စားစီးပွားရေး(MSME) လုပ်ငန်းများအနက် Honey ကျန်းမာခြင်းနှင့် အလှအပဆိုင်ရာ လူသုံးကုန်ထုတ်လုပ်ငန်းသည် မိသားစုဝင်တိုးပွားရေးနှင့် အလုပ်အကိုင်အခွင့် အလမ်းဖန်တီးပေးနိုင်သည်သာမက ပြည်ပသို့ပင် ပြန်လည်တင်ပို့နေသည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။





Honey တစ်မိနစ်ဆံပင်ပေါင်းဆေးနှင့် ဆပ်ပြာဘူး။



# မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲတွင် K-T-R-(A)အသင်း တံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။အဆိုပါဗိုလ်လုပွဲပြိုင်ပွဲများတွင် အမျိုးသား




U-12၊ အမျိုးသမီး U-14၊ အမျိုးသားလူသစ်တန်းနှစ်ယောက်တွဲ၊ အမျိုးသမီးအလွတ်တန်းနှစ်ယောက်တွဲ၊ အမျိုးသားပထမတန်း၊ ဒုတိယတန်း၊ အသက် ၅၀၊ ၆၀ နှစ်အထက် နှစ်ယောက်တွဲ၊ အသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲအပြီး သက်တမ်းအလိုက်အမျိုးသား၊ အမျိုးသမီးပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အသင်းလိုက်ပြိုင်ပွဲတွင်တတိယဆုရရှိသော အောင်လံအသင်း၊ ဒုတိယဆုရ ရွှေမန်တောင်အသင်း၊ ပထမဆုရ K-T-R-(A) အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ပြီး အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ရရှိသွားသောK-T-R-(A)အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ဆုချီးမြှင့်ပေးသည်။ (ဓါတ်ပုံ)

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အသင်း၂၀၊ အားကစားသမား ၂၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

## ပလက်ဝမြို့နယ်၌ အသက် (၂၀)နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ပလက်ဝ နိုဝင်ဘာ ၁၂

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနကကျင်းပသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက်(၂၀) နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို နိုဝင်ဘာ ၁၁ ရက်က ကင်ဝအားကစားကွင်း၌ ကျင်းပရာ Grace - FC အသင်းက Pole Star အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။



အဆိုပါ အသက်(၂၀)နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲဝင် အသင်း ၁၉ သင်းပါဝင်ကာ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိသောအသင်းများမှအားကစားသမားများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## All In Combat-4 ပြိုင်ပွဲ ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲတွင် ထီရယ်လ်ထန် အမှတ်ဖြင့်ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာစံတော်ချိန် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပသည့် All In Combat-4 ပြိုင်ပွဲတွင် မြန်မာ MMA ဖိုက်တာ ထီရယ်လ်ထန် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

ထီရယ်လ်ထန်သည် ONE Championship အဖွဲ့အစည်းနှင့် လမ်းခွဲပြီးနောက်ပိုင်း အခြားတိုက်ခိုက်ရေးအဖွဲ့အစည်းများနှင့် လက်တွဲခဲ့ပြီး ရလဒ်ကောင်းများရယူနိုင်သဖြင့် ချန်ပီယံခါးပတ်စိန်ခေါ်ပွဲထိုးသတ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ထီရယ်လ်ထန်သည် ဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်လုပွဲအဖြစ် အမေရိကန်နိုင်ငံသား အိုလန်နှင့် ထိုးသတ်ရာ အမှတ်ဖြင့်အရေးနိမ့်ပြီး ချန်ပီယံခါးပတ် ပိုင်ဆိုင်မည့်အခွင့်အရေးလက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ပထမအချီတွင် လက်ရည်မကွာဘဲ ဒုတိယအချီတွင် အိုလန်က အနည်းငယ်အသာရခဲ့သည်။ တတိယအချီတွင် ထီရယ်လ်ထန်က အသာရခဲ့ပြီး ချုပ်ကွက်ဖြင့် ပွဲသိမ်းနိုင်ရန် ကြိုးပမ်းသော်လည်း အိုလန်ရုန်းထွက်နိုင်ခဲ့သည်။ စတုတ္ထအချီတွင် နှစ်ဦးစလုံး ကစားအားကျသွားသဖြင့် အမှားစောင့်ထိုးခဲ့ပြီး နောက်ဆုံးအချီတွင် ထီရယ်လ်ထန် အနေဖြင့် ပွဲသိမ်းနိုင်သည့်အနေအထားရှိခဲ့သော်လည်း ချုပ်ကွက်ဖြင့် ပွဲမသိမ်းနိုင်ခဲ့ပေ။ အချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အိုလန် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

## ဗလင်စီယာကို ဂိုးပြတ်အနိုင်ယူပြီး ဦးဆောင် ဂျီရိုနာကို အနီးကပ်ဖိအားပေးနိုင်ခဲ့သည့် ရီးရဲမက်ဒရစ်

စပိန်လာလီဂါပွဲစဉ် (၁၃) မှ နာမည်ကြီး ရီးရဲမက်ဒရစ်နှင့် ဗလင်စီယာအသင်း ပွဲစဉ်ကို နိုဝင်ဘာ ၁၂ ရက် နံနက် ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဦးဆောင်သူ ဂျီရိုနာအသင်းကို အနီးကပ်ဖိအားပေးလျက်ရှိသည်။

အဆိုပါပွဲစဉ်ကို ရီးရဲမက်ဒရစ်အသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၂,၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ဗလင်စီယာအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှု ရှိခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို ဂိုးအဖြစ်ပြောင်းလဲကာ ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်နိုင်ပွဲဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။



ရီးရဲမက်ဒရစ် အသင်းသည် ယခုပွဲ အနိုင်ရရှိမှုကြောင့် လာလီဂါတွင် ၁၃ ပွဲ ကစားကာ ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ တစ်ပွဲရှုံးရလဒ်ဖြင့် ဦးဆောင်သူ ဂျီရိုနာအသင်းကို အနီးကပ် ဖိအားပေးလျက်ရှိသည်။ ပြိုင်ဘက်ဗလင်စီယာအသင်းက ၁၃ ပွဲကစားပြီး ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ရရှိထားသည်။

ယခုပွဲစဉ်တွင် ရီးရဲမက်ဒရစ် အသင်းမှ အဓိကကွင်းလယ်ကစားသမား ဘဲလင်ဂမ် ဒဏ်ရာကြောင့် ပါဝင်လာဖွယ်မရှိပေ။ ရီးရဲမက်ဒရစ် အသင်းအတွက် သွင်းဂိုးများကို ကာဗာဂျယ်၊ ဗင်နီစီးယပ်စ်နှင့် ရိုဒရီဂိုတို့က သွင်းယူပေးခဲ့သည်။ ဗလင်စီယာအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ဒူရိုက သွင်းယူပေးခဲ့သည်။

**အောင်ဇော်**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ နိုဝင်ဘာ ၁၂ ရက်က ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(၂) အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပရာ ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းနှင့် ပြည်ပညာရေးဒီဂရီ ကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ သန်းဝင်း(သန်လျင်)

❖ *ကျောဖုံးမှ*

အဓိက တိုက်စစ်ကစားသမား ဆာလာက လီဗာပူးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ရရှိခဲ့ပြီး ဆီမီကပ်စ်၏ ဖန်တီးမှုမှ ဆာလာက သွင်းယူပေးခဲ့သည်။ လီဗာပူးအတွက် တတိယဂိုးကို ဂျိုတာက ၇၄ မိနစ်တွင် သွင်းယူပေးခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် လီဗာပူးအသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးကောင်းတချို့ရရှိခဲ့သော်လည်း အသင်းတိုက်စစ်စွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ချေပဂိုးရရှိရေး ရုန်းကန်ခဲ့ရသည်။

လီဗာပူးအသင်းသည် ယခုနိုင်ပွဲကြောင့် ရမှတ် ၂၇ မှတ်ဖြင့် အဆင့် ၃ နေရာအထိ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ပြိုင်ဘက် ဘရန့်ဖို့ဒ်အသင်းက ၁၂ ပွဲကစား လေးပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးရလဒ်ရရှိထားသည်။

အခြားပွဲစဉ်များတွင် အက်စ်တွန်ဗီလာက ဖူလ်ဟမ်ကို သုံးဂိုး - တစ်ဂိုး၊ ဝက်စ်ဟမ်းက နော့တင်ဟမ်ဖောရက်စ်ကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရသည်။ ဘရိုက်တန်နှင့် ရှက်ဖီးတို့ပွဲမှာ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ချယ်ဆီးနှင့် မန်စီးတီးတို့ပွဲမှာ အကြိတ်အနယ်ဖြစ်ခဲ့ပြီး လေးဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် ဒိုင်လူကြီးသုံးဦးစလုံးက ဂျိုရှူအာဗန်ကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဂျိုရှူအာဗန်သည် UFC က ကျင်းပသည့်ပြိုင်ပွဲများတွင် နှစ်ပွဲထိုးသတ်ရာ နှစ်ပွဲစလုံး အနိုင်ရထားသည်။

ဂျိုရှူအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ကိုးပွဲထိုးသတ်ရာတွင် ရှစ်ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျိုရှူအာဗန်သည် ဇွန် ၂၄ ရက်တွင် UFC နှင့်လက်တွဲပြီး ပထမဆုံးပွဲအဖြစ် ကာဇက်စတန်နိုင်ငံသား ဇူမာဂူလော့ဗ်နှင့် ထိုးသတ်ရာ အနိုင်ရထားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-UFC**

## တောင်ငူခရိုင်တွင် မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ယခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅၀၈၂၆ ဧကရှိသည့်အနက် စက်တင်ဘာလ လကုန်ပိုင်းမှစတင်၍ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိရာ ၁၅၄၂ ဧကကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၇၀ ခန့်ထွက်ရှိပြီး စပါးဈေးနှုန်းအနေဖြင့် နံ့ကောက်စပါး တင်း ၁၀၀ လျှင် ကျပ် ၁၅၀၀၀၀၀ နှင့် ဆင်းသုခစပါး တင်း ၁၀၀ လျှင် ကျပ် ၁၅၂၀၀၀၀ ရှိကြောင်း သိရသည်။



ဖြူးမြို့နယ်မှ ထွက်ရှိသော နံ့ကောက်နှင့် ဆင်းသုခစပါးများကို အဆင့်မြင့် စပါးကြိတ်ခွဲစက်များဖြင့် ကြိတ်ခွဲ၍ ထွက်ရှိလာသော ဆန်များကို ဖြူးမြို့နယ်အတွင်းနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ မြို့နယ်အသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကြိတ်ခွဲရောင်းချလျက်ရှိသော ဆန်ဈေးနှုန်းများမှာ နံ့ကောက်ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ နှင့် ဆင်းသုခဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၁၀၀၀၊ ဆန်ကွဲ ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ဖွဲနု ၇၂ ပေါင်ပါတစ်အိတ်လျှင် ကျပ် ၂၅၀၀၀ များဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA(ပဲခူး)

## နွားထိုးကြီးမြို့နယ်၌ မိုးမြေပဲများရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းအခြေအနေ

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ ယခုနှစ် မိုးဦး၊ မိုးလယ်မြေပဲ စုစုပေါင်းစိုက်ဧက ၄၀၄၆၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ မိုးဦးမြေပဲ စိုက်ပျိုးဧက ၁၉၃၈၈ ဧက၊ မိုးလယ်မြေပဲ စိုက်ပျိုးဧက ၂၁၀၇၄ ဧက စိုက်ပျိုးခဲ့ပြီး အောက်တိုဘာလကုန်တွင် မိုးဦးမြေပဲများအားလုံး



ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ၄၂ ဒသမ ၇၅ တင်းနှုန်းဖြင့် တင်းပေါင်း ၈၂၈၃၇ တင်း ထွက်ရှိခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နွားထိုးကြီးမြို့နယ်၌ မိုးမြေပဲများစတင်ပေါ်ချိန်တွင် ဖြစ်ပေါ်ခဲ့သော မြေပဲဈေးနှုန်းများအနေဖြင့် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် ကျပ် ၃၆၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၄၅၀၀ ခန့်ရှိခဲ့ပြီး လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၅၆၀၀၊ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၅၃၀၀၊ မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ခန့်ရှိကြောင်း နွားထိုးကြီးမြို့ရှိ သီးနှံပွဲရုံပိုင်ရှင် တစ်ဦးထံမှ သိရသည်။

DOCA (နွားထိုးကြီး)

## ကျောက်စိမ်းငရုတ်သီး ဈေးကောင်းရ၍ တောင်သူများ အကျိုးအမြတ်ရရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်တဲ၊ ကျောက်ခွက်၊ ဘုမ္မနိုး၊ ထနောင်းတော၊ မြေနဲ၊ ဆည်ကြီးတော၊ သစ်ညိုပင်ကျေးရွာများတွင် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးနှံကို အများဆုံးစိုက်ပျိုးကြပြီး ငရုတ်သီးစိမ်း ဈေးကောင်းရရှိနေကြောင်း၊ မုံရွာမြို့နယ်အတွင်း စိုက်ပျိုးသော ငရုတ်သီးမျိုးမှာ ကျောက်စိမ်းငရုတ်သီးမျိုးဖြစ်ပြီး ဈေးကွက်အနေဖြင့် ဒေသတွင်း လက်လီ/လက်ကားသမားများဖြင့်သာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိရာ မုံရွာမြို့ရှိပွဲရုံများမှ တစ်ဆင့် ဈေးများ၊ ကုန်စုံဆိုင်များ၊ ကျေးရွာများသို့ လက်လီ/လက်ကား ရောင်းချကြောင်း သိရသည်။

ကျောက်စိမ်းငရုတ်သီးဈေးနှုန်းအနေဖြင့် လက်ရှိအချိန်တွင် ပွဲရုံလက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၂၈၀၀ နှုန်းဖြင့်လည်းကောင်း၊ လက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၈၀၀-၃၀၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မုံရွာမြို့နယ်အတွင်း ကျောက်စိမ်းငရုတ်သီးစိုက်တောင်သူများအနေဖြင့် ငရုတ်သီးဈေးကောင်းရရှိကာ အကျိုးအမြတ်ရရှိ၍ အဆင်ပြေနေကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## အထက်မင်းလှမြို့နယ်၌ ဥစိုက်ကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဝါ၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံနှင့် အခြားစားဖိုဆောင်သီးနှံများကို ရာသီအလိုက်စိုက်ပျိုးကြပြီး ကုန်းကြီးကျေးရွာအုပ်စု၊ ဂျင်ရဲမြောင်(စံပြ) ကျေးရွာ၌ ဇော်မွှား(ခေါ်) ဥစိုက်ကြက်သွန်နီများ ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးရာသီကာလတွင် ဥစိုက်ကြက်သွန်နီကိုသာ စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် စိုက်ပျိုးမည့် ကြက်သွန်နီများမှာ ပျိုးထောင်ဆဲဖြစ်ကြောင်း၊ ဥစိုက်ကြက်သွန်နီများကို စလင်း၊ ပွင့်ဖြူ၊ တောင်သာ၊ မြင်းခြံ စသောဒေသတို့မှ တစ်ပိဿာလျှင်ကျပ် ၃၈၀၀ မှ ၄၀၀၀ ဖြင့် ဝယ်ယူပြီး တစ်ဧကလျှင် ပိဿာ ၄၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် တူးဖော်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် ရေကောင်း၊ မြေကောင်းသည့်နှစ်များတွင် တစ်ဧကလျှင် ပိဿာချိန် ၆၀၀၀ နီးပါး ထွက်ရှိကြောင်း သိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် အလုပ်သမားခ အပါအဝင် စုစုပေါင်း ကျပ်သိန်း ၄၀ ကျော် ကုန်ကျပြီး ကြက်သွန်နီစိုက်ခင်းများ လှိုင်လှိုင်တူးဖော်ကြသည့်အချိန်တွင် လုပ်အားခ ပိုမိုကုန်ကျကြောင်း၊ ကြက်သွန်နီဥ အရွယ်အစားအလိုက် ဈေးကွက်အခြေအနေအပေါ်မူတည်၍ ဈေးရရှိကြောင်း၊ တူးဖော်ရရှိသည့် ကြက်သွန်နီများကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တိုက်ရိုက်တင်ပို့ရောင်းချရကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

DOCA (မကွေး)



အထက်မင်းလှမြို့နယ်အတွင်း စတင်စိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ခင်းတစ်ခင်း။

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၄၇၃ သန်း တင်ပို့ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ သိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ ၂၅၉ တန်၊ ဆီးဖတ် ၁၁၈ တန်၊ အုန်းသီးခြောက် ၁၀၆ တန်၊ ကွမ်းသီး ၂၃ တန်၊ ချင်းအစို ၂၅ တန်၊ နနွင်းတက် ၁၂ တန်၊ ကြက်သွန်နီ ၁၀ တန်၊ ငါးမြစ်ချင်း(၁-၂) ၅၂ ဒသမ ၈ တန်၊ ငါးမြစ်ချင်း(၂-၃) ၅၁ ဒသမ ၄၅၆ တန်၊ ငါးမြစ်ချင်း (၃-၅) ၁၅ ဒသမ ၄၀၈ တန်၊ ငါးသိုင်းခေါင်းပွ(၅-၈) ၇ ဒသမ ၂၉၆ တန်၊ ငါးသိုင်းခေါင်းပွ(၈ ကီလိုအထက်) ၁၁ ဒသမ ၂၈ တန်၊ ငါးသလောက် (၅၀၀-၈၀၀) ၀ ဒသမ ၅၀၄ တန်၊ ငါးသလောက် (၈၀၀-၁၀၀၀) ၁ ဒသမ ၀၅ တန်၊ ငါးသလောက် (၁၀၀၀-၁၂၀၀) ၀ ဒသမ ၉၆၆ တန်နှင့် ဆီးယိုထုပ် သုံးတန်တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဒေါ်လာငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၉ ဒသမ ၄ တာကာနှင့် တစ်တာကာလျှင် ၂၇ ဒသမ ၂ ကျပ်ဖြစ်ကြောင်း သိရသည်။

DOT (စစ်တွေ)

## မွန်ပြည်နယ်၌ ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်မြင့်တက်

မွန်ပြည်နယ် ပဲဈေးကွက်၌ နိုဝင်ဘာလဆန်းပိုင်းတွင် ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

နိုဝင်ဘာလဆန်း ပဲဈေးနှုန်းများအနေဖြင့် ပဲတီစိမ်း(ရွှေဝါ) တစ်တင်းလျှင် ကျပ် ၇၀၀၀၀၊ ပဲတီစိမ်း (ရိုးရိုး) တစ်တင်းလျှင် ကျပ် ၅၉၀၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ ပဲလွမ်းဖြူ တစ်တင်းလျှင် ကျပ် ၄၄၅၀၀၊ မိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၄၈၅၀၀၊ ပဲပုပ် တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး အောက်တိုဘာလ နောက်ဆုံးပတ်တွင် ဈေးနှုန်းများမှာ ပဲတီစိမ်း (ရွှေဝါ) တစ်တင်းလျှင် ကျပ် ၆၈၀၀၀၊ ပဲတီစိမ်း(ရိုးရိုး) တစ်တင်းလျှင် ကျပ် ၅၈၀၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၈၆၀၀၀၊ ပဲလွမ်းဖြူ တစ်တင်းလျှင် ကျပ် ၄၄၅၀၀၊ မိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၄၈၅၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၆၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

DOCA (မော်လမြိုင်)



## မုံရွာမြို့နယ် ကွမ်းဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြပြီး ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက် ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၏ ကွမ်းဈေးနှုန်းအနေဖြင့် အောက်တိုဘာလတွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၃၀၀၀ ဈေးနှုန်းရရှိပြီး နိုဝင်ဘာလ (ပထမပတ်)တွင် အရည်အသွေးအပေါ်မူတည်၍ ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၅၀၀ ဈေးနှုန်းဖြင့် ရောင်းချရကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော်   နိုဝင်ဘာ   ၁၂

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Hay Mar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၀)ရပ်ကွက်နေ ဟေမာ(ခ)ချယ်ရီဝင်းအား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Phyo (Emily)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သဃ်န်းကျွန်း မြို့နယ် (၁၆/၄)ရပ်ကွက်နေ အိဖြိုးနိုင် အား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Myo Maung Maung” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ သုံးခွမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မျိုးသူ(ခ) သံလုံး အား ညနေ ၅ နာရီ မိနစ်၂၀ တွင် လည်းကောင်း၊ “ရှူးလေး ရှူးလေး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာနေ စိမ့်စိမ့်မိုးအား ညနေ ၃ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေး ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်   နိုဝင်ဘာ   ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မြစ်ငယ်တံတားအနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Golden Mountain ခရုဆီ ၃၉၀၀ ကီလိုဂရမ်၊ Snow Towel ကီလိုဂရမ် ၂၀၀၀၊ Air Compressor (မော်တာမပါ) အလုံး ၁၀၀၊ Lipo အားဖြည့်အချိုရည် ပုလင်း ၄၀၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၀၀၀၀၀) ကိုလည်းကောင်း၊ ပြင်ဦးလွင်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၂၈)မိုင် (၃)ဖာလုံ၌ ပိုင်ရှင်မဲ့စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Justus ဘီယာဘူး ၇၂၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

### အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူ

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ နိုဝင်ဘာ ၉ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော ယာဉ်အပိုပစ္စည်းများဖြစ်သည့် ကားတံခါး ၂၈ ခု၊ Handbrake Control Valve ၃၁ ခု၊ SEEPAC အမဲဆီ ၇၂ ဘူး အပါအဝင် ကုန်ပစ္စည်း အမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai ဆန်ကြာဆံထုပ် ၅၄၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၅၆၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် M-150 အားဖြည့်အချိုရည် ပုလင်း ၄၁၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် YUTONG Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၇၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်လျက်

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင် ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ကျားဝတ်တီရှပ်အထည် ၁၀၀၀၊ Sports ရှူးဖိနပ် အရန် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၂၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၂၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၀၆၅၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ်၌ မီးလောင်မှု နေအိမ်တစ်လုံးဆုံးရှုံး

**နေပြည်တော်   နိုဝင်ဘာ   ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ နိုဝင်ဘာ ၁၁ ရက်က ဖယောင်းတိုင်မီးဖြင့် ဘုရားမီး ပူဇော်ထားရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာနေ ဦးဝင်းထိုက်(၃၈)နှစ်၏နေအိမ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ကိုးစီးဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ မိနစ်၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်အား စိစစ်ခဲ့ရာ ဝင်းထိုက်သည် နေအိမ်တွင် ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ထားရာမှ မီးကူးစက်လောင်ခဲ့ပြီး မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ နှစ်ထပ်နေအိမ် တစ်လုံး ပျက်စီး ဆုံးရှုံးခဲ့သောကြောင့် ပုသိမ်ကြီး မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဒိုက်ဦးမြို့နယ်၌ စပါးများကို ဖွဲမီးဖြင့်အခြောက်ခံရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော်   နိုဝင်ဘာ   ၁၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ နိုဝင်ဘာ ၁၀ ရက်က စပါးများကို ဖွဲမီးဖြင့် အခြောက်ခံရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီ ၅၅ မိနစ်က ဒိုက်ဦးမြို့နယ် စက်ကွင်းရပ်ကွက်နေ ဦးတင်ဝင်း(၆၀)နှစ် ပိုင်ဆိုင်သည့် ဝင်းရတနာဆန်စက်၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ ဒိုက်ဦးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် သွားရောက် မီးငြှိမ်းသတ်ခဲ့ရာ ၉ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်ကို စိစစ်ခဲ့ရာ ဦးတင်ဝင်း၏ ဝင်းရတနာဆန်စက် အနောက်ဘက်ရှိ သွပ်မိုး၊ အုတ်ကာ၊ သစ်ခင်း စပါးအခြောက်ခံရာ အဆောက်အအုံ၌ စပါးများကို ဖွဲမီးဖြင့် အခြောက်ခံရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆောက်အအုံ၏ သစ်သားအခင်းများနှင့် စပါးများ ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# မန်းရွှေစက်တော်ဘုရားကြီးသို့ ပြီးခဲ့သည့် ပွဲတော်ရာသီက ဘုရားဖူးညှော်သည် ၄၈၈၇၇၃ ဦး လာရောက်ဖူးမြော်

မင်းဘူး နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်မှ သမိုင်းဝင် မန်းရွှေစက်တော်ဘုရားကြီးသို့ ပြီးခဲ့သည့်နှစ် ပွဲတော်ရာသီက ဘုရားဖူးညှော်သည် ၄၈၈၇၇၃ ဦးအထိ ဝင်ရောက်ဖူးမြော်ခဲ့ကြကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ် အတွင်း သမိုင်းဝင် တန်ခိုးကြီးစေတီပုထိုးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် မန်းရွှေစက်တော်ဘုရားကြီးသို့ ပြီးခဲ့သည့်နှစ် ပွဲတော်ရာသီက ဘုရားဖူးအများအပြား ဝင်ရောက်လျက်ရှိသလို ယခုနှစ်တွင် ကိုးခန်းကြီး၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ အထက်စက်တော်ရာအတက် စောင်းတန်းနှင့် မုခ်ဦး၊ အောက်စက်တော်ရာရင်ပြင်နှင့် နဂါးရေအိုင်များ ပြင်ဆင်၍ တိုင်လုံးများနှင့် ဘုံခုနစ်ဆင့်မှ ပန်းချီ၊ ပန်းပု၊ ဗိသုကာလက်ရာများကို ရှေးမူလက်ရာအတိုင်း အဆင့်မြှင့်တင်ပြင်ဆင်ခြင်းများနှင့် ဘုရားအဝင် သုံးမိုင်လမ်းတွင် တံတားနှစ်စင်း တိုးချဲ့ဆောက်လုပ်ခြင်း၊ အရိပ်ရသစ်ပင်စိုက်ပျိုးခြင်းနှင့် Flower Box များ ထားရှိခြင်းများကို ဘုရားပွဲတော်ရာသီအမီ တိုးချဲ့ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အဆင့်မြှင့်တင်ထားရှိခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးညှော်သည်များ မျက်စိပသာဒ အေးချမ်းစွာဖြင့် ကြည်ညိုသဒ္ဓါပွားနိုင်ခြင်း၊ ကြယ်လိပ်နှင့် ရွှေသမင်များ ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်စခန်းမှ ဆင်များစီး၍ အပန်းဖြေခြင်းများအပြင် မန်းချောင်းအတွင်းမှ အပျော်စီးလှေများစီး၍ စိတ်အေးချမ်းပျော်ရွှင်စွာ တည်းကျောင်းများတွင် တည်းခိုကာ အထက်စက်တော်ရာနှင့် အောက်စက်တော်ရာ ပါဒစေတီတော်နှစ်ဆူအား ဖူးမြော်ကြည်ညိုနိုင်သောကြောင့် ယခုနှစ်လည်း ဘုရားဖူးပြည်သူအများအပြား ဝင်ရောက်နိုင်ကြောင်း ရွှေစက်တော်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

ဇေယျာထက်(မင်းဘူး)

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/19334, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၄/ပသန(နိုင်)၂၀၇၉၂၉က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/34804, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်အောင်မင်း ၁၄/ဟသတ(နိုင်)၃၅၄၈၈၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/19334, Honda Wave-110,M/Cယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၄/ပသန(နိုင်)၂၀၇၉၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7939, Toyota Landcruiser, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီလွင်အောင် ၁၂/သကတ(နိုင်)၁၈၈၉၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/60534, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/47735, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## သန်လျင် အ.ထ.က(၂) မြတ်ဆရာပူဇော်မည်

သန်လျင် နိုဝင်ဘာ ၁၂

သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင်မက်သဒစ် အထက) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၆) ကြိမ်မြောက် သက်ပြည့်အငြိမ်းစားဆရာ ဆရာမကြီး ၁၀၈ ဦးတို့အား ဒီဇင်ဘာ ၂၃ ရက်တွင် ကျောင်းသားကျောင်းသူဟောင်းများက အဖွဲ့များခွဲကာ အိမ်တိုင်ရာရောက် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အထက(၂) သန်လျင်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ကန်တော့ အလှူငွေများကို ဒေါ်ခင်ခင်မြ (အလပြ-ငြိမ်း) ဖုန်း ၀၉-၇၈၁၅၀၃၂၈၅၊ ဒေါက်တာဥမ္မာသန်း (ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ) ဖုန်း ၀၉-၅၄၀၇၂၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၉-၂၀၁၃ရက်ထုတ် စာ-၂၁ မြန်မာ့အလင်း သတင်းစာပါ ကြော်ငြာတွင် ယာဉ်အမှတ် 77W/77637 အစား ယာဉ်အမှတ် 77W/11637 ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၀-၂၀၁၃ရက်ထုတ် စာ-၂၈ မြန်မာ့အလင်း သတင်းစာပါ ကြော်ငြာတွင် ယာဉ်အမှတ် 64W/86891 အစား ယာဉ်အမှတ် 64W/86871ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ ၆၈လမ်း၊ ၄၁x၄၂လမ်းနေ ဒေါ်အေးကြာ(ဘ)ဦးဟော်ယောင်ချောက် ၉/မမန(နိုင်) ၀၂၁၁၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ယခင်ရပ်ကွက်ကြီး(၈)၊ ယခုရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၃၇)၊ မြေဧရိယာ(၀ဒသမ၀၄၆)ကေရှိ မြေကွက်သည် (၃၁-၁၀-၁၉၉၆) ခုနှစ်တွင် ဦးယုတင်(AG-၃၀၂၃၆၆)အမည်ဖြင့် မြေငှားဂရန်ရရှိခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ဦးယုတင်အမည်ပေါက် ဖော်ပြပါဂရန်မြေကွက်အား အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ယနေ့ချိန်ထိ လက်ရှိထားနေထိုင်လျက်ရှိပါသည်။ ဖော်ပြပါဂရန်မြေကွက်မှာ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်နှင့် ကျွန်ုပ်၏ မိတ်ဆွေ၏ အမည်ဖြင့် ဂရန်အမည်ပြောင်းလျှောက်ထားရန်အတွက် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ အမည်ဖြင့် ဂရန်အမည်ပြောင်း လျှောက်ထားရန်အတွက် မူလအမည်ပေါက်သူဦးယုတင် မှ ဤကြော်ငြာ စာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ဆက်သွယ်၍ သက်ဆိုင်ရာရုံးဌာနများတွင် လိုက်လံဆောင်ရွက်ပေးစေလိုပါသည်။ ထို့အပြင်ဖော်ပြပါ မြေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရုံးဌာနများတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်နှင့် ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့် ဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေ ထံသို့ဖြစ်စေ ဆက်သွယ်၍ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ဦးယုတင်မှ ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် ဖော်ပြပါဂရန်မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ရုံးဌာနများတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်နှင့် ကျွန်ုပ်၏ မိတ်ဆွေအမည်ဖြင့် ဂရန်အမည်ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်အေးကြာ | ဒေါ်နော်ဆာဝါးထူး(LL.B, D.I.L) |
| ၉/မမန(နိုင်) ၀၂၁၁၈၁ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၁၅) |
| | ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၂၅၁၀၈၁၈ |

## ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သစ်သားအုတ်ညှပ်တိုက် နှစ်ခန်းတွဲလေးထပ် မီးလောင်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် အမှတ်(၆၅/ ၆၇ /၆၉) သစ်သားအုတ်ညှပ်တိုက် နှစ်ခန်းတွဲ လေးထပ်တိုက်၏ဦးမျိုးမြင့် တိုက်ခန်း၌ ယနေ့ နံနက် ၆ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မြေညီထပ်လှေကားခွင်အတွင်း တပ်ဆင်ထားသော လျှပ်စစ်မီတာများအနက်မှ ဦးမျိုးမြင့် ပိုင်ဆိုင်သော လျှပ်စစ်မီတာအထွက်မှ ဝန်အားသုံးစွဲမှုကြောင့် မီးပွားများ ကျ၍ အနီးရှိ တာယာအဟောင်းနှင့် ပစ္စည်းအဟောင်းများပေါ်တွင် ကျပြီး မီးကူးစက်လောင်ကျွမ်းခြင်း ဖြစ်သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များမှ မီးငြိမ်းသတ်ယာဉ်များ၊ အထောက်အကူပြုယာဉ်များ၊ လူမှုကူညီရေးအသင်းများမှ ရေသယ်ယာဉ်များ၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၀၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၄ ဦး စုစုပေါင်း ၁၄၄ ဦးတို့ဖြင့် မီးငြိမ်းသတ်ရာ နံနက် ၇ နာရီတွင် မီးထိန်းနိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ၁၀ ဦးရှိပြီး အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ဗိုလ်တထောင်မြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ဝင်းကြည်(ပြန်/ဆက်)



## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရတနာပုံတက္ကသိုလ်
## (၂၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ရတနာပုံတက္ကသိုလ်မှကြီးမှူးကျင်းပခဲ့သည့် နေ့သင်တန်းနှင့် ၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၂၂ ပညာသင်နှစ် အဝေးသင်-သင်တန်းတို့မှ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုမရှိသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ ဘွဲ့နှင်းသဘင်ပထမနေ့ (၂၅-၁၁-၂၀၂၃) အစီအစဉ်
အပိုင်း(၁) - နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့ | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာမှုအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာသိပ္ပံဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဇီဝဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | အဏုဇီဝဗေဒအထူးပြုအားလုံး | (၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာဘွဲ့ | မြန်မာမှုအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | ဇီဝဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | ဘူမိဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | အဏုဇီဝဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |

၄။ အပိုင်း(၂) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့ | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| မဟာဝိဇ္ဇာဘွဲ့ | အရှေ့တိုင်းပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာသိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | သမိုင်းအထူးပြုအားလုံး | (၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ဒဿနိကဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်အထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာဘွဲ့ | သမိုင်းအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာဘွဲ့ | အရှေ့တိုင်းပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | အားကစားပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | ရူပဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |

**ဘွဲ့နှင်းသဘင် ပထမနေ့ (အပိုင်း-၁၊ အပိုင်း-၂)၊ အတွက် အစမ်းလေ့ကျင့်ရက် (၂၄-၁၁-၂၀၂၃) နံနက်(၉:၀၀) နာရီ**

၅။ ဘွဲ့နှင်းသဘင်ဒုတိယနေ့ (၂၆-၁၁-၂၀၂၃) အစီအစဉ်
အပိုင်း(၃) - နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့ | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| မဟာဝိဇ္ဇာဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာဝိဇ္ဇာဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| မဟာသိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာဘွဲ့ | ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဒီပလိုမာဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | (၂၀၂၂-၂၀၂၃) |
| ဝိဇ္ဇာဘွဲ့ | စာကြည့်တိုက်နှင့်သုတပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | သတ္တဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |

၆။ အပိုင်း(၄) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့ | အထူးပြု | ပညာသင်နှစ် |
|---|---|---|
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး | (၂၀၂၁-၂၀၂၂) |
| မဟာဝိဇ္ဇာဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| မဟာဝိဇ္ဇာဘွဲ့ | မနုဿဗေဒအထူးပြုအားလုံး | (၂၀၂၁-၂၀၂၂) |
| မဟာသိပ္ပံဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀၊၂၀၂၁-၂၀၂၂) |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ကွန်ပျူတာသိပ္ပံပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး | (၂၀၂၁-၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| ဝိဇ္ဇာဘွဲ့ | မနုဿဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |
| သိပ္ပံဘွဲ့ | ကွန်ပျူတာသိပ္ပံပညာအထူးပြုအားလုံး | (၂၀၁၉-၂၀၂၀) |

**ဘွဲ့နှင်းသဘင် ဒုတိယနေ့ (အပိုင်း-၃၊ အပိုင်း-၄)၊ အတွက် အစမ်းလေ့ကျင့်ရက် (၂၄-၁၁-၂၀၂၃) မွန်းလွဲ(၂:၀၀) နာရီ**

၇။ ဘွဲ့နှင်းသဘင် တတိယနေ့ (၁၀-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၅) - နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၄(ရဝသ) မှ ၄မ-၂၁၂(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင် | ၄ပ-၁(ရဝသ) မှ ၄ပ-၁၈၄(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄အ-၂(ရဝသ) မှ ၄အ-၂၅၇(ရဝသ) ထိ | (၂၀၁၉) |

၈။ ဘွဲ့နှင်းသဘင် တတိယနေ့ (၁၀-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၆) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | သမိုင်း | ၄သ-၆(ရဝသ) မှ ၄သ-၁၉၃(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒ | ၄ဒ-၃(ရဝသ)မှ ၄ဒ-၁၆၅(ရဝသ) ထိ | (၂၀၁၉) |
| ဥပဒေဘွဲ့ | ဥပဒေပညာ | ၅ဥ-၂(ရဝသ) မှ ၅ဥ-၁၂၇(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာ | ၄စ-၂(ရဝသ) မှ ၄စ-၁၀၉(ရဝသ) ထိ | (၂၀၁၉) |

**ဘွဲ့နှင်းသဘင် တတိယနေ့ (အပိုင်း-၅၊ အပိုင်း-၆)၊ အတွက် အစမ်းလေ့ကျင့်ရက် (၉-၁၂-၂၀၂၃) နံနက်(၉:၀၀) နာရီ**

၉။ ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၁၁-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၇) - မွန်းလွဲပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၂၁၆(ရဝသ) မှ ၄မ-၄၀၈(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင် | ၄ပ-၁၈၅(ရဝသ) မှ ၄ပ-၃၈၉(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄အ-၂၆၁(ရဝသ) မှ ၄အ-၅၃၆(ရဝသ) ထိ | (၂၀၁၉) |

၁၀။ ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၁၁-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၈) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | သမိုင်း | ၄သ-၁၉၄(ရဝသ) မှ ၄သ-၃၉၆(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒ | ၄ဒ-၁၆၇(ရဝသ) မှ ၄ဒ-၃၂၉(ရဝသ) ထိ | (၂၀၁၉) |
| ဥပဒေဘွဲ့ | ဥပဒေပညာ | ၅ဥ-၁၂၈(ရဝသ) မှ ၅ဥ-၂၇၉(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာ | ၄စ-၁၁၁(ရဝသ) မှ ၄စ-၂၄၉(ရဝသ) ထိ | (၂၀၁၉) |

**ဘွဲ့နှင်းသဘင် တတိယနေ့ (အပိုင်း-၇၊ အပိုင်း-၈)၊ အတွက် အစမ်းလေ့ကျင့်ရက် (၉-၁၂-၂၀၂၃) မွန်းလွဲ(၂:၀၀) နာရီ**

၁၁။ ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (၁၄-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၉) - နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၄၀၉(ရဝသ) မှ ၄မ-၆၃၅(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင် | ၄ပ-၃၉၀(ရဝသ) မှ ၄ပ-၇၀၁(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄အ-၅၄၁(ရဝသ) မှ ၄အ-၈၃၀(ရဝသ) ထိ | (၂၀၁၉) |

၁၂။ ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (၁၄-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၁၀) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | သမိုင်း | ၄သ-၃၉၇(ရဝသ) မှ ၄သ-၆၄၀(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒ | ၄ဒ-၃၃၇(ရဝသ) မှ ၄ဒ-၅၉၀(ရဝသ) ထိ | (၂၀၁၉) |
| ဥပဒေဘွဲ့ | ဥပဒေပညာ | ၅ဥ-၂၈၂(ရဝသ) မှ ၅ဥ-၅၀၀(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | အရှေ့တိုင်းပညာ | ၄အရ-၃(ရဝသ) မှ ၄အရ-၁၃(ရဝသ) ထိ | (၂၀၁၉) |

**ဘွဲ့နှင်းသဘင်ပဉ္စမနေ့ (အပိုင်း-၉၊ အပိုင်း-၁၀)၊ အတွက် အစမ်းလေ့ကျင့်ရက် (၁၃-၁၂-၂၀၂၃) နံနက်(၉:၀၀) နာရီ**

၁၃။ ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (၁၅-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၁၁) - နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | သမိုင်း | ၄သ-၆၄၂(ရဝသ) မှ ၄သ-၉၀၈(ရဝသ) ထိ | (၂၀၁၉) |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄ဓ-၁(ရဝသ) မှ ၄ဓ-၁၀၁(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာ | ၄စီး-၂(ရဝသ) မှ ၄စီး-၁၂၆(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | စီးပွားစီမံ | ၄စစ-၆(ရဝသ) မှ ၄စစ-၁၀၉(ရဝသ) ထိ | (၂၀၁၉) |

၁၄။ ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (၁၅-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၁၂) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၆၄၀(ရဝသ) မှ ၄မ-၈၅၄(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄အ-၈၃၁(ရဝသ) မှ ၄အ-၁၀၆၆(ရဝသ) ထိ | (၂၀၁၉) |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄ဓ-၁၀၂(ရဝသ) မှ ၄ဓ-၂၀၃(ရဝသ) ထိ | (၂၀၁၉) |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒ | ၄ရခ-၃(ရဝသ) မှ ၄ရခ-၉၃(ရဝသ) ထိ | (၂၀၁၉) |

**ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ (အပိုင်း-၁၁၊ အပိုင်း-၁၂)၊ အတွက် အစမ်းလေ့ကျင့်ရက် (၁၃-၁၂-၂၀၂၃) မွန်းလွဲ(၂:၀၀) နာရီ**

၁၅။ ဘွဲ့နှင်းသဘင် သတ္တမနေ့ (၁၈-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၁၃) - နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၈၅၇(ရဝသ) မှ ၄မ-၁၁၂၀(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄အ-၁၀၇၇(ရဝသ) မှ ၄အ-၁၂၉၅(ရဝသ) ထိ | (၂၀၁၉) |
| ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာ | ၄စီး-၁၂၇(ရဝသ) မှ ၄စီး-၃၃၃(ရဝသ) ထိ | (၂၀၁၉) |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄သတ-၂(ရဝသ) မှ ၄သတ-၁၀၃(ရဝသ) ထိ | (၂၀၁၉) |

၁၆။ ဘွဲ့နှင်းသဘင် သတ္တမနေ့ (၁၈-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၁၄) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၁၁၂၂(ရဝသ) မှ ၄မ-၁၃၈၃(ရဝသ) ထိ | (၂၀၁၉) |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄သခ-၁(ရဝသ) မှ ၄သခ-၂၆၈(ရဝသ) ထိ | (၂၀၁၉) |
| သိပ္ပံဘွဲ့ | ရူပဗေဒ | ၄ရပ-၁(ရဝသ) မှ ၄ရပ-၁၇၁(ရဝသ) ထိ | (၂၀၁၉) |

**ဘွဲ့နှင်းသဘင်သတ္တမနေ့ (အပိုင်း-၁၃၊ အပိုင်း-၁၄)၊ အတွက် အစမ်းလေ့ကျင့်ရက် (၁၇-၁၂-၂၀၂၃) နံနက်(၉:၀၀) နာရီ**

၁၇။ ဘွဲ့နှင်းသဘင် အဋ္ဌမနေ့ (၁၉-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၁၅) - နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၃(ရဝသ) မှ ၄မ-၄၆၃(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄အ-၁(ရဝသ) မှ ၄အ-၅၃၀(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင် | ၄ပ-၂(ရဝသ) မှ ၄ပ-၃၆၇(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | သမိုင်း | ၄သ-၈(ရဝသ) မှ ၄သ-၃၃၂(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | ဒဿနိကဗေဒ | ၄ဒ-၁(ရဝသ) မှ ၄ဒ-၃၇၉(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာ | ၄စ-၁(ရဝသ) မှ ၄စ-၁၅၅(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာ | ၄စီး-၁၆(ရဝသ) မှ ၄စီး-၁၇၉(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | စီးပွားစီမံ | ၄စစ-၂(ရဝသ) မှ ၄စစ-၅၀(ရဝသ) ထိ | (၂၀၂၂) |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄ဓ-၂၇(ရဝသ) မှ ၄ဓ-၁၂၉(ရဝသ) ထိ | (၂၀၂၂) |
| သိပ္ပံဘွဲ့ | ရူပဗေဒ | ၄ရပ-၆(ရဝသ) မှ ၄ရပ-၁၁၄(ရဝသ) ထိ | (၂၀၂၂) |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄သခ-၂၆(ရဝသ) မှ ၄သခ-၂၁၁(ရဝသ) ထိ | (၂၀၂၂) |

၁၈။ ဘွဲ့နှင်းသဘင် အဋ္ဌမနေ့ (၁၉-၁၂-၂၀၂၃) အစီအစဉ်
အပိုင်း(၁၆) - မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ

| ဘွဲ့အမည် | အထူးပြု | ခုံအမှတ် | ပညာသင်နှစ် |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄မ-၄၆၄(ရဝသ) မှ ၄မ-၆၀၉(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄အ-၅၄၈(ရဝသ) မှ ၄အ-၆၈၁(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင် | ၄ပ-၃၈၅(ရဝသ) မှ ၄ပ-၅၆၂(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | သမိုင်း | ၄သ-၃၃၄(ရဝသ) မှ ၄သ-၄၅၈(ရဝသ) ထိ | (၂၀၂၂) |
| ဥပဒေဘွဲ့ | ဥပဒေပညာ | ၅ဥ-၃(ရဝသ) မှ ၅ဥ-၃၂၉(ရဝသ) ထိ | (၂၀၂၂) |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄သတ-၁၀(ရဝသ) မှ ၄သတ-၁၃၅(ရဝသ) ထိ | (၂၀၂၂) |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒ | ၄ရခ-၄(ရဝသ) မှ ၄ရခ-၁၂၂(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | စီးပွားရေးပညာ | ၄စီး-၁၈၁(ရဝသ) မှ ၄စီး-၃၂၁(ရဝသ) ထိ | (၂၀၂၂) |
| ဝိဇ္ဇာဘွဲ့ | စီးပွားစီမံ | ၄စစ-၅၂(ရဝသ) မှ ၄စစ-၉၅(ရဝသ) ထိ | (၂၀၂၂) |

**ဘွဲ့နှင်းသဘင် အဋ္ဌမနေ့ (အပိုင်း-၁၅၊ အပိုင်း-၁၆)၊ အတွက် အစမ်းလေ့ကျင့်ရက် (၁၇-၁၂-၂၀၂၃) မွန်းလွဲ(၂:၀၀) နာရီ**

၁၉။ ဘွဲ့နှင်းသဘင် အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်-

| ဘွဲ့နှင်းသဘင်ကျင်းပရက် | တက်ရောက်ခွင့်ပြုလက်မှတ်၊ဧည့်လက်မှတ်များနှင့် ဘွဲ့ဝတ်စုံထုတ်ပေးမည့်ရက် |
|---|---|
| ၂၅-၁၁-၂၀၂၃ | ၂၃-၁၁-၂၀၂၃ |
| ၂၆-၁၁-၂၀၂၃ | ၂၃-၁၁-၂၀၂၃ |
| ၁၀-၁၂-၂၀၂၃ | ၈-၁၂-၂၀၂၃ |
| ၁၁-၁၂-၂၀၂၃ | ၈-၁၂-၂၀၂၃ |
| ၁၄-၁၂-၂၀၂၃ | ၁၂-၁၂-၂၀၂၃ |
| ၁၅-၁၂-၂၀၂၃ | ၁၂-၁၂-၂၀၂၃ |
| ၁၈-၁၂-၂၀၂၃ | ၁၆-၁၂-၂၀၂၃ |
| ၁၉-၁၂-၂၀၂၃ | ၁၆-၁၂-၂၀၂၃ |

၂၀။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများအား မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

(သန်းရွှေ)
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်

ရက်စွဲ-၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ( ၁၀ ) ရက်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ကြော်ငြာစာအမှတ် ၅/၂၀၂၃
## ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်
## အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူး
## ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၅.၉.၂၀၂၃ ရက်စွဲပါ ကြော်ငြာစာအမှတ် (၄/၂၀၂၃)ဖြင့် ကြော်ငြာခေါ်ယူခဲ့သော အငယ်တန်းအင်ဂျင်နီယာ( ၂ ) ရာထူး ( ၄၉ )နေရာအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) ရက်စွဲ ၂-၁၂-၂၀၂၃ရက် (စနေနေ့)
(ခ) အချိန် (၀၉:၀၀)နာရီမှ(၁၁:၀၀)နာရီအထိ အင်္ဂလိပ်စာဘာသာရပ်
(၁၃:၀၀)နာရီမှ(၁၅:၀၀)နာရီအထိ အင်ဂျင်နီယာဘာသာရပ်
(ဂ) နေရာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်

၂။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူ အမည်နှင့် ခုံအမှတ်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၃၀-၁၁-၂၀၂၃ ရက်နှင့် ၁-၁၂-၂၀၂၃ ရက် နံနက်(၀၉:၃၀)နာရီ မှ ညနေ(၁၆:၃၀)နာရီအထိ ရုံးချိန်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူလူကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၅၄)၊ ဦးပိုင်အမှတ် (၁၉)၊ ၅၆x၅၇ လမ်းကြား၊ ယောမင်းကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနိုင်ထွန်းလှိုင်၊ ဒေါ်အိရွှေစင်၊ ဒေါ်အိစန္ဒာတို့ (၃)ဦးအနက် ဒေါ်အိရွှေစင်က မိမိကိုယ်တိုင်နှင့် ဒေါ်အိစန္ဒာ၏ (GP ရသူ)တို့ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၃၀၃၇/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးနိုင်ထွန်းလှိုင် ၁၃/တယန(နိုင်)၀၂၁၂၅၅က အမှုတွဲအမှတ် ၅၃၅၄/ ၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၂)၊ ဦးပိုင်အမှတ်(၁၁)၊ ၆၁ x ၆၀Bလမ်းကြား၊ ဘုရင့်နောင်လမ်း x ကျန်စစ်သားလမ်းကြားရှိ ဦးကြည်အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်)ဦးကြည်(မိခင်)ဒေါ်ခင်လေးရီ(ခ)ဒေါ်ပေါက်စတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၉၅၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်မာချို ၉/မရမ(နိုင်)၀၉၂၇၁၄၏ (SP ရသူဦးဇော်ဦး)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၃၆၀/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၅)၊ ဦးပိုင်အမှတ်(၄၃)၊ ၆၇ x၆၈လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ တကက မင်းနိုင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၄၆၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သိန်းချစ် ၉/မနမ(နိုင်)၀၈၈၁၉၀၈၏ (GPရသူဒေါ်ခင်ချိုလင်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၃၅၈/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၁၀)၊ ဦးပိုင်အမှတ် (၁၃)၊ ၆၁x၆၂ လမ်းကြား၊ ယောမင်းကြီးလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးညီအောင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၅၈၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းသန်းဝင်း ၉/မနတ(နိုင်) ၀၀၈၈၈၉က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၃၅၇/၂၀၂၃-၂၀၂၄ ဖြင့် တောမှ မြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၄)၊ ဦးပိုင်အမှတ် (၃၉)၊ ၇၀x၇၁ လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ တပ်ကြပ်စိန်ထွန်း အမည်ပေါက် တောဂရန်မြေကွက်အား ဦးစိန်ထွန်း၏ (GP ရသူ ဒေါ်အနီသား)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၁၁/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မန်းမာယာ ၉/မကန(နိုင်)၀၃၅၄၁၈က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၃၅၉/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နိုင်ဦး (Managing Director) တိုးတက်သာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ဒေါ်ခင်မမချိုတို့သည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/ မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်းမကြီး၊ အမှတ်(၆၀၅) ဒေါ်ခင်မမချို ဂရန်အမည်ပေါက်ဖြစ်သော အကျယ်အဝန်းပေ(၄၀x၆၀)ရှိ မြေကွက်ပေါ် တွင် ၁၁-၁-၂၀၁၈ ရက်၌ အခန်းပေးအခန်းယူ ကန်ထရိုက်စနစ်ဖြင့် (၆)ထပ် အဆောက်အအုံ ဆောက်လုပ်ရန် နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံလက်ခံခြင်းကတိ စာချုပ်ချုပ်ဆို၍ အဆောက်အအုံကို ဆောက်လုပ်ခဲ့ကြပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နိုင်ဦး (Managing Director) တိုးတက်သာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် အဆိုပါ ၁၁-၁-၂၀၁၈ စာချုပ်အရ အထက်ဖော်ပြပါဆောက်လုပ်ခြင်းမှ(၆)ထပ်တိုက်၏ မြေညီထပ် (ဘယ်၊ ညာ ၂ခန်း)၊ ပထမထပ် (ဘယ်၊ ညာ၂ခန်း)၊ ဒုတိယထပ် (ဘယ်၊ ညာ ၂ခန်း)၊ တို့အပါအဝင် ၎င်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နိုင်ဦး (Managing Director) တိုးတက်သာဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်၏ သဘောဆန္ဒခွင့်ပြုချက်ကိုမရရှိဘဲ အထက်ဖော်ပြပါတိုက်ခန်းများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဦးသက်နိုင်ဦး(Managing Director)တိုးတက်သာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အနေဖြင့် ကန့်ကွက်ပါကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုဝေလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၀၃)**
**အမှတ်-၁၄၆၀၊ ယောမင်းကြီး၄လမ်း(၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၃၆၉၂၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၀-က)၊၂၆x၂၇လမ်းကြား၊ ၈၂x၈၃လမ်းကြားရှိ ဟာဂျီကိုကိုကြီး-တစ်စု၊ မသော ၂ စု အမည်ပေါက် ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဒေါ်သောနှင့်ဦးချိုတို့ ကွယ်လွန်၍ (သား)ဖြစ်သူ ဦးကိုကိုကြီးကျန်ရစ်ခဲ့ပြီး ဒေါ်တုပ်နှင့်အိမ်ထောင်ကျ၍ သား၊သမီးများဖြစ်သော ဦးကာခင်၊ ဒေါ်တင်၊ ဒေါ်ခင်၊ ဦးသန်းကြီးတို့ကိုမွေးဖွားခဲ့ပါသည်။ (ဖခင်)ဦးကိုကိုကြီး (မိခင်) ဒေါ်တုပ် (သား၊ သမီးများဖြစ်သော)ဦးကာခင်၊ ဒေါ်တင်၊ ဦးသန်းကြီးတို့မှာ(လူပျိုကြီး၊ အပျိုကြီး)ဘဝများဖြင့်လည်းကောင်း အသီးသီးကွယ်လွန်၍ ဒေါ်ခင်မှ အမွေဆက်ခံခဲ့ပါသည်။ ဒေါ်ခင်သည် ဦးလှနှင့် အိမ်ထောင်ကျပြီး (သား)ဦးဘသိန်းကို မွေးဖွားခဲ့ပါသည်။ ဒေါ်ခင်၊ ဦးလှ(သား) ဦးဘသိန်း(ဇနီး)ဒေါ်လှလှ ၎င်းတို့၏ (သား)ဦးလှမြင့်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် အမှတ် (၂၁၄၀/၂၀၂၂) ဖြင့် အမွေဆက်ခံခဲ့သော(သား၊ သမီး၊ ချွေးမ၊ မြေး)တို့ဖြစ်သော ဦးကျော်သူဟန်က မိမိကိုယ်တိုင်နှင့်ဒေါ်မမကြီး၊ ဦးဇော်ထက်အောင်၊ ဦးမောင်သန်း၊ ဒေါ်ခင်တင့်၊ ဒေါ်တင်တင်ကြည်၊ ဒေါ်တင် တင်ဝင်း၊ ဦးမောင်မောင်လေး၊ ဒေါ်တင်တင်လှ၊ ဒေါ်တင်မိုးမိုးတို့၏ GP ရသူ တို့ထံမှ "ဝကပ်ဖံ လှူဒါန်းစာချုပ်" အမှတ် (၂၉၂၉/၂၀၂၃) ဖြင့် လှူဒါန်းခြင်းကိုလက်ခံသူ တိုက်တန်းဗလီ အုပ်ချုပ်ရေးထရပ်စတီအဖွဲ့ (ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ဥက္ကဋ္ဌ ဦးကျော်ညွှန့်)က အမှုတွဲအမှတ်(၀၅၉၅/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ ဗန္ဓုလလမ်း၊ အိမ်အမှတ်(၈၄)နေ ဦးပါရ်ကာစ် ၉/မမန(နိုင်)၀၇၉၄၄၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးပါရ်ကာစ်သည် ၎င်း၏အစ်ကိုဖြစ်သူ ဦးမော်ဒူး ၉/ပဥလ(နိုင်)၀၈၂၁၃၀ ကွယ်လွန်သွားခဲ့ပြီးနောက်ပိုင်းတွင် ဦးမော်ဒူး၏ သားဖြစ်သူ ဦးကျော်ဝင်းဋ္ဌေးအား ပြုစုစောင့်ရှောက်၍ ဦးပါရ်ကာစ်မှ အုပ်ထိန်းသူအဖြစ် တာဝန်ယူစောင့်ရှောက်ခဲ့ပါသည်။ ကျွန်ုပ်၏တူဖြစ်သူ ဦးကျော်ဝင်းဋ္ဌေး ၉/ပဥလ(နိုင်)၀၈၂၁၃၀ သည် အုပ်ထိန်းသူ လူကြီး မိဘများ၏ ဆိုဆုံးမမှုများအားနာခံမှုမရှိဘဲ မိမိ၏သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားခဲ့ပြီး အုပ်ထိန်းသူ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ဆောင်ရွက်ခဲ့၍ ယနေ့မှစပြီး ဦးကျော်ဝင်းဋ္ဌေးနှင့်ပတ်သက်သည့် ကိစ္စရပ်အဝဝများအား တာဝန်ယူဆောင်ရွက်ဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးကျော်ဝင်းဋ္ဌေးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးပါရ်ကာစ် | ဦးထွန်းထွန်းဦး (LL.B , IP Law (WIPO)) |
| ၉/မမန(နိုင်)၀၇၉၄၄၆ | တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၆၅၇၀) |
| အိမ်အမှတ်( ၈၄)၊ ဗန္ဓုလလမ်း၊ ရွာသစ်ကလေး၊ | အမှတ်(၁၁၆)၊ ရွှေဘုံသာလမ်း၊ (၂၈) သုမင်္ဂလာရပ်၊ |
| ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့ | ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၄၈၁၉၅၅၀၀ |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/4983 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ ရပ်ကွက်၊ အကွက်အမှတ် အ-၈၊ ဦးပိုင်အမှတ်(၁၉)/ ၆၄ x ၆၅ ကြား၊ ဇော်ဂျီနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးခင်မောင်စိုး အမည်ပေါက်တောဂရန်မြေကွက်အား ဖခင် ဦးခင်မောင်စိုး၊ မိခင် ဒေါ်လှကြိုင်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်နီလာစိုး ၉/မနမ(နိုင်)၀၆၂၃၈၆၊ ဒေါ်သီတာစိုး ၉/မနမ(နိုင်)၀၆၂၂၅၇၊ ဦးမိုးကျော်စိုး ၉/မနမ(နိုင်)၀၆၂၀၇၅၊ ဦးငြိမ်းချမ်းစိုး ၉/မနမ(နိုင်)၁၀၃၄၃၆ တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၆၊ ဦးပိုင်အမှတ် (၂၀)/၅၂x၅၃ ကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း တသစိန်ဝင်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ယဉ်ယဉ်နွဲ့ ၁၄/ပသန(နိုင်) ၀၀၉၄၂၀ က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၄)၊ ဦးပိုင်အမှတ်(၄-ခ)၊ ၂၀x၂၁ လမ်းကြား၊ ၈၀x၈၁ လမ်းကြားရှိ ဦးတေ၊ ဒေါ်ပြုံးအမည်ပေါက်ဘိုးဘမြေကွက်အား (ဖခင်) ဦးတေ၊ (မိခင်) ဒေါ်ပြုံးတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၉၇၃/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သောသားများဖြစ်သည့် ဦးအောင်သန်း၊ ဦးအောင်ဆန်း၊ ဦးအောင်မြင့်၊ ဦးသက်ဝေ၊ ဦးလှဝေတို့ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၂၅၈၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအေးဟင်(ခ)ဦးတင်ရွှေ ၁၂/ကတတ(နိုင်)၀၀၃၈၈၀၊ ဒေါ်နီလာခိုင်(ခ)ဒေါ်နုစီမာ ၉/မနမ(နိုင်)၀၇၂၂၈၃ တို့က အမှုတွဲအမှတ်(၀၅၉၄/ဘ/(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည် ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၈)၊ ဦးပိုင်အမှတ်(၁၁-စ)၊ ၃၃-Aလမ်း၊ ၆၉x၇၀ လမ်းကြားရှိ ဒေါ်ခင်လှ အမည်ပေါက်ဂရန်မြေကွက်အား (ဖခင်)ဦးမောင်ရွှေ(ခ)ဦးရွှေ (မိခင်) ဒေါ်ခင်လှတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၀၇၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သောသမီးများဖြစ်သည့် ဒေါ်ခင်သန်းမြင့်၊ ဒေါ်သန်းသန်းနု၊ ဒေါ်ယုယုတို့၏ (GP ရသူ ဦးစိုးသန်း)တို့ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၃၈၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မိုးမြင့် ၅/ဖပန(နိုင်) ၀၄၆၆၃၉က အမှုတွဲအမှတ်၅၃၅၉/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁)၊ ဦးပိုင်အမှတ် ၃၃+၃၄+၃၉+၄၀+၄၁+၄၂+၄၇+၄၈+၄၉+၅၀+၃၅+၃၆+ ၃၇+၃၈+၄၃+၄၄+၄၅+၄၆+၅၁+၅၂၊ ၅၉ လမ်းနှင့် သံလမ်းကြား၊ ၁၁၀x၁၁၁ လမ်း ကြားရှိ မြေကွက်အား မဟာမြတ်မုနိဘုရားကြီးဂေါပကမှ မြေချစလစ်မိတ္တူ၊ ငွေရပြေစာမိတ္တူ၊ ချမ်း/စံအထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ မြေကွက်ဖိုးပေးသွင်းထားကြောင်း ထောက်ခံချက်များနှင့်အတူ အမှုတွဲအမှတ် ၅၅၄၁/၂၀၂၃-၂၀၂၄ ဖြင့် ဂရန်သစ် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

